မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လကွယ်နေ့၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၅၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကလောမြို့နယ် ခြစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတက်ရောက် နှစ်စဉ်စိုက်ပျိုးရာသီရောက်တိုင်း သတ်မှတ်လျာထားကေရရှိအောင် စိုက်ပျိုးဆောင်ရွက် ဘိုင်အိုဒီဇယ်ဆီထုတ်ယူသည့် ခြစည်းရိုးကြက်ဆူကို အမျိုးသားရေးတာဝန်အဖြစ် စိုက်ပျိုး

နေပြည်တော် ဇွန် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၁ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီခွဲတွင် မိတ္ထီလာ–တောင်ကြီးကားလမ်း မဲ့ထ လေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်စပ်ရှိ နန့်ပန်တက်ရိပ်သာသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုးတို့ လိုက်ပါလျက် မိတ္ထီလာ–တောင်ကြီးကားလမ်း နန့်ပန်တက်–ကလောလမ်းတစ်လျှောက် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကိုလည်းကောင်း၊ ကလောမြို့နယ်အတွင်းရှိ ဝက်ဖြူရေ သစ်တောကြိုးဝိုင်း၊ ကလောသစ်တောကြိုးဝိုင်းများနှင့် မကွေး–သစ်တောကြိုးဝိုင်းတို့၌ သဘာဝသစ်တောများ ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ သစ်တောကြိုးဝိုင်းများအတွင်း ကျွန်းစိုက်ခင်းများ ထူထောင်ထားရှိမှုကိုလည်းကောင်း၊ လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ မွန်းလွဲ၁၂နာရီ ၄၅မိနစ်တွင် ကလောမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်အဖွဲ့ဝင်များသည် ကလော–အောင်ပန်း ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ အောင်ပန်းမြို့သို့ ရောက်ရှိကြပြီး အောင်ပန်းမြို့မှအထွက် အောင်ပန်း–ပင်းတယ ကားလမ်းနံဘေးရှိ ဆားပိတ်တောင်၌ ကျင်းပသည့် တောင်ကြီးခရိုင်

စာမျက်နှာ ၄ ကော်လံ ၁ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တောင်ကြီးမြို့ အေးသာယာပျိုးဥယျာဉ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အမှန်တကယ် ကောင်းစားစေချင်ရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ ပကတိအရှိတရားနဲ့ ခေတ်ကာလ လိုအပ်ချက်တွေကို အကောင်းမြင်အပြုသဘောဆောင်တဲ့ ရပ်တည်ချက်နဲ့ လုပ်သင့်တယ်။ နယ်ချဲ့လက်သစ်တွေ ခင်းပေးတဲ့လမ်းပေါ်မှာ လူရာဝင်လိုမှုနဲ့ အသုံးချခံမဖြစ်သင့်ဘူး။ မင်းတို့ကို ပြည်ပအားကိုး ပုဆိန်ရိုးလို့ စွပ်စွဲနေတာ မဟုတ်ဘူးနော်။

ဝဏ္ဏမင်းခေါင်၏ ဆောင်းပါး (စာ ၈ – ၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ခုနှစ်၊ ဇွန် ၁၄ ရက်)

လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေး လေ့ကျင့်ပျိုးထောင် သင်ကြားပေး

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည် မြင့်မားရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်သင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာရေး မြင့်မားသော ရည်မှန်းချက်ထားရှိပြီး အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ကျောင်းတွင်းပညာရေးကဏ္ဍ၊ ကျောင်းပြင်ပညာရေးကဏ္ဍ၊ တက္ကသိုလ်၊ ကောလိပ်စသည့် နယ်ပယ်ကဏ္ဍစုံ၌ အရေအတွက်နှင့် အရည်အချင်းပါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေး မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ခေတ်မီသင်ကြားမှု၊ သင်ယူမှု နည်းစနစ်နှင့် သင်ထောက်ကူပစ္စည်းကိရိယာများ၊ ပညာရေးဆိုင်ရာအီလက်ထရွန်နစ်နှင့် ကွန်ရက်စနစ်များကို တည်ဆောက်ပေးလျက် ရှိသည်။

မျက်မှောက်ကာလတွင် ပညာရေးအခြေခံကောင်း၊ ပတ်ဝန်းကျင်အခြေခံကောင်းများ ခိုင်ခိုင်မာမာ တည်ရှိလာခဲ့ပြီး ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းကောင်းများ၊ အဆင့်မြင့် ပညာရပ်များကို ရွေးချယ်သင်ယူနိုင်သည့် အခြေအနေများ တစ်နိုင်ငံလုံး ဖြန့်ကြက်ဖြစ်ထွန်း နေပြီ ဖြစ်သည်။

ယင်းသို့သော အချိန်အခါတွင် ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများ၏ အရည်အသွေး မြင့်မားနေရမည် ဖြစ်သည်။

ထို့ပြင် ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ဆရာ၊ ဆရာမများက အသိစိတ်ဓာတ်ရှိရှိဖြင့် ကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ပြည်ထောင်စု ရိပ်သာ မနော်ဟရီလမ်း အမှတ် (၁၀၄/ခ)နေ ဦးကျော်သန့် - ဒေါ်အင်န်ဂျာတောင် (ဒု-ညွှန်ကြားရေးမှူးချုပ် ဆောက်လုပ်ရေးဝန်ကြီးဌာန)မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှာစကားပြောကြား

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ပြည်ပပို့ကုန် တိုးမြှင့်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (မွေး/ရေ)

မြဝတီ ရုပ်မြင်သံကြား

၁၄-၆-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနှာဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	လျှပ်တစ်ပြက်
၆း၅၀	၁၅။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၂)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၁၅)

ပြည်ပပို့ကုန် တိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြား

နေပြည်တော် ဇွန် ၁၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ပြည်ပပို့ကုန်တိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၀ ရက် မွန်းလွဲ၂နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးက ပို့ကုန်တိုးမြှင့်ရေး တာဝန်ခွဲဝေပေးအပ်ထားမှုနှင့် ပြည်နယ်၊တိုင်းအလိုက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုကို လည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌဦးဌေးမြင့်က ရေထွက်ပစ္စည်း ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၏ တိုးမြှင့်ထုတ်လုပ်တင်ပို့နေမှုနှင့် မွေးမြူထုတ်လုပ်ရေးနှင့် ပင်လယ်ပြင်ဖမ်းဆီးထုတ်လုပ်ရေးအပိုင်းအလိုက် အကျိုးညီ တိုးမြှင့် ဆောင်ရွက်နေမှုကို လည်းကောင်း၊ ပြည်ပပို့ကုန် တိုးမြှင့်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌဦးဟန်ထွန်းက ပို့ကုန်တိုးမြှင့်ရေး လုပ်ငန်းရည်မှန်းချက် ပြည့်မီရေးအတွက် ထပ်မံအားဖြည့်ဆောင်ရွက်သွားရမည့် ကဏ္ဍများကို လည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေး

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသော ရေထွက်ပစ္စည်း ပြည်ပပို့ကုန် လုပ်ငန်းရှင်များအသင်း၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ပုစွန်မွေးမြူရေး လုပ်ငန်းရှင်များအသင်းနှင့်ငါးရှဉ့်၊ကဏန်းနှင့် အလှပြငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ထပ်မံဆောင်ရွက်သွားရမည့် အခြေအနေ လိုအပ်ချက်များကို အသီးသီးဆွေးနွေး တင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှိုးဆော်

နေပြည်တော် ဇွန် ၁၃

၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၀၇ခုနှစ် ဇူလိုင် ၁၅ ရက် (တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ယင်းအခမ်းအနားသို့ ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ပေးအပ်သော တာဝန်များကို တိကျမှန်ကန်စွာ ထမ်းဆောင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်နှင့် ပြည့်စုံသည့် ဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များဖြစ်လာစေရန် ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက် နေထိုင်ကြရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် တာဝန်ရှိသူများက မိသားစုများ၏သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ပေးရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများ ပြည့်စုံကောင်းမွန်အောင် စီမံဆောင်ရွက်ပေးရေးနှင့်တပ်ဖွဲ့ဝင်များအချင်းချင်း အပြန်အလှန် လေးစားကြရန်နှင့် လုပ်ငန်းတာဝန်များကိုအလေးထား၍ ပူးပေါင်းဆောင်ရွက်ပြီး တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရေးတို့ကိုမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တပ်ဖွဲ့ဝင် မိသားစုများအတွက် ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံနှင့်အဝတ်အထည်ပစ္စည်းများကို နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူးထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် တွေ့ဆုံပွဲ တက်ရောက်လာကြသော အရာထမ်း၊ အမှုထမ်း၊ တပ်ဖွဲ့ဝင်နှင့်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြကာ မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအုပ်စု၌ ကျင်းပသော မြို့နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မောင်တောခရိုင် မန်နေဂျာ ဦးသာထွန်းအေးက မောင်တောမြို့နယ်၏ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်တို့အား ခြံစည်းရိုး ကြက်ဆူပျိုးပင်များကိုပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်ဝန်ကြီးများသည် သတ်မှတ်နေရာ အသီးသီး၌ ခြံစည်းရိုးကြက်ဆူပင်များကို အသီးသီး စိုက်ပျိုးပေးကြပြီး စိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ယနေ့ ကျင်းပသော မောင်တောမြို့နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတော်တွင် ခြံစည်းရိုးကြက်ဆူ ပျိုးပင်ပေါင်း ၃၆၀၀ ကို စိုက်ပျိုးမြေသုံးဧကအတွင်း စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်သည်။ မောင်တောမြို့နယ် ခရိုင်အနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ ၂၁၃၇ ဧက စိုက်ပျိုးထားရှိပြီးဖြစ်သည့်အပြင် ယခုနှစ် ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ၂၈၃၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ ၃၇၄ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်းနှင့် ကျန်ဧကများကို မိုးရာသီ မကုန်မီအပြီး စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း သိရှိရသည်။

တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည်မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး နံနက် ၈ နာရီမိနစ် ၂၀ တွင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ၌ကျင်းပသော မောင်တောမြို့နယ် ၂၀၀၇–၂၀၀၈ ခုနှစ် မိုးစပါး စုပေါင်းထွန်ယက်ပွဲနှင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနား၌ ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မောင်တောခရိုင် မန်နေဂျာ ဦးသာထွန်းအေးက မောင်တောမြို့နယ်အနေဖြင့် မိုးစပါး တိုးချဲ့စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်ဝန်ကြီးများသည် တိုက်ရိုက်အစေ့ချ တစ်ဧကစိုက်ခင်း၌ စပါးများကို တိုက်ရိုက်အစေ့ချစိုက်ပျိုးပေးကြသည်။ ဆက်လက်၍ မိုးစပါး စိုက်ပျိုးမည့် စံပြစိုက်ခင်းဧက ၁၀၀ တွင် စုပေါင်းထွန်ယက်နေမှုတို့ကိုလည်း ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးပြီးစီး

မောင်တောမြို့နယ်တွင် ၂၀၀၇–၂၀၀၈ ခုနှစ်၌ မိုးစပါးကို ၈၈၆၂၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုအခါ ၂၀၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ် ဒုတိယအကြိမ် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း အခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့၌ ရုံးစိုက်သော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ကာကွယ်ဆေးထိုး လုပ်ငန်းတာဝန်ခံ Dr. Nihar Singh၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပိုလီယိုဆေးတိုက်ကျွေးမည့် ကလေးငယ်များနှင့် ၎င်းတို့၏ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုထွန်းက ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါကင်းရှင်းစေရေးအတွက် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့များရှစ်ကြိမ်၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့များ လေးကြိမ် စုစုပေါင်း (၁၂)ကြိမ် ကျင်းပဆောင်ရွက်ခဲ့မှု၊ ဆက်လက်၍ ၂၀၀၇ ခုနှစ် မေ ၁၄ ရက်မှ ၁၈ ရက်အထိ ပထမအကြိမ်၊ ဇွန် ၉ ရက်မှ ၁၃ ရက်အထိ ဒုတိယအကြိမ်နှင့် ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ တတိယအကြိမ်အဖြစ် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းတို့ကိုဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်၊ ရခိုင်ပြည်နယ် ၁၇ မြို့နယ်တို့တွင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဝိုင်းဝန်းကူညီ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ယခုကျင်းပသော ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနေ့ကို မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)တို့ရှိ မြို့နယ်များနှင့် ချင်းပြည်နယ်မှ ပလက်ဝမြို့နယ် ရခိုင်ပြည်နယ်ရှိ မြို့နယ်များ စုစုပေါင်း ၈၃ မြို့နယ်တွင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ပိုလီယိုကင်းစင်ပြီးသောအခြေအနေကို ပြန်လည်ထိန်းသိမ်းနိုင်ရန် အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်သဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ သင်တန်းပေးထားသော စေတနာ့ဝန်ထမ်းများအား လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဝိုင်းဝန်းကူညီပံ့ပိုးကြရန်ဖြစ်ကြောင်း။

မိဘများအနေဖြင့်လည်း မိမိတို့၏ ရင်သွေးငယ်ကလေးများအတွက် ပိုလီယိုရောဂါ ကာကွယ်ခွင့်ရရှိချိန်တွင် မိမိတို့၏ ငါးနှစ်အောက် ရင်သွေးငယ်များကို မပျက်မကွက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အခမ်းအနားတက်ရောက်လာကြသော ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ UNICEF မှ ဌာနေကိုယ်စားလှယ်နှင့် WHO မှ တာဝန်ခံတို့သည် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အခမ်းအနား၌ ခင်းကျင်းပြသထားသောပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့မှ မောင်တော–ဘူးသီးတောင် ကားလမ်းအတိုင်းထွက်ခွာကြပြီး နံနက် ၉ နာရီမိနစ် ၄၀ တွင် ဘူးသီးတောင်မြို့အဝင်၌ နယ်မြေခံတပ်ရင်းမှ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူ ၁၃၈၇ ပင် စိုက်ခင်းနှင့် ၄၃၉၆ ပင် နှစ်နှစ်သား စိုက်ခင်းတို့၌ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို ဆက်လက်ဖြစ်ထွန်းနေစေရေး၊ အသီးများကို ခူးဆွတ်နိုင်ချိန်၌ ခူးဆွတ်၍ အချိန်မီ မျိုးအဖြစ်ပြန်လည် အသုံးပြုသွားရေး၊ မိုးအကုန်တွင်ကိုင်းဖြတ်မျိုးပွားရေး၊ ပတ်ဝန်းကျင်ရှိ ကုန်းစောင်းတောင်စောင်းများ၌ပါ တိုးချဲ့စိုက်ပျိုး၍ စီမံကိန်းဧက ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားရေးတို့ကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည် ကျေးရွာအုပ်စု၌ကျင်းပသော ဘူးသီးတောင်မြို့နယ်၏ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ပျိုးထောင်ထား

ရှေးဦးစွာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးနိုင်ဦးက ရခိုင်ပြည်နယ်အနေဖြင့် စက်မှုကုန်ကြမ်းသီးနှံရော်ဘာကို ဧက ၁၅၀၀၀ စိုက်ပျိုးခဲ့ပြီး ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ဧက ၁၀၀၀၀ ထပ်မံ စိုက်ပျိုးမည့် အစီအစဉ်၊ မောင်တောခရိုင်အနေဖြင့် ဧက ၁၁၉၀ စိုက်ပျိုးထားရှိပြီး ၂၀၀၇–၂၀၀၈ခုနှစ်တွင် ၁၆၃၅ ဧကစိုက်ပျိုးရန် လျာထားပြီး ပျိုးပင် ၃၃၉၂ ဧက ပျိုးထောင်ထားကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က တိုင်းရင်းသားကျေးရွာများအား တစ်အိမ်လျှင် တစ်နှစ် ၁၀ ဧကဖြင့် ငါးနှစ်တွင် ဧက ၅၀ စိုက်ရန်နှင့် တပ်ရင်းတပ်ဖွဲ့များ အပါအဝင် ဌာနဆိုင်ရာများအားလည်း ရော်ဘာစိုက်ပျိုးရန် စီမံချက်ရေးဆွဲ ဆောင်ရွက်ထားရှိမှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စီးပွားဖြစ်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တိုင်းရင်းသားကျေးရွာများ၊ ပုဂ္ဂလိက တိုင်းရင်းသားလုပ်ငန်းရှင်များနှင့်တပ်ရင်း တပ်ဖွဲ့များအား စိုက်ဧကသတ်မှတ်၍ စိုက်ပျိုးရန် မြေနေရာကို တောင်ကုန်း တောင်တန်းများ၌ နေရာချထားပေးရေး၊ ရော်ဘာစိုက်ပျိုးရန် ဆက်လက်စည်းရုံးဆောင်ရွက်သွားရေး၊ ရော်ဘာအပြင် ခြံစည်းရိုးကြက်ဆူကိုလည်း မြေလွတ် မြေလပ်နှင့်အခြားသီးနှံ မစိုက်နိုင်သော နေရာများတွင် စီးပွားဖြစ်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဘူးသီးတောင်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့အား ရော်ဘာပျိုးပင်များ အသီးသီးပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ရော်ဘာပျိုးပင်များကို သတ်မှတ်နေရာများတွင် အသီးသီး စိုက်ပျိုးပေးကြပြီး စိုက်ပျိုးပွဲတော်တွင် ပါဝင် စိုက်ပျိုးနေကြသော လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့မှ အမြန်ရေယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၁ နာရီခွဲတွင် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာသို့ ရောက်ရှိကြသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ စေတီပြင်ကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်ခင်သူဇာနှင့်ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြပြီး တိုက်နယ်ဆေးရုံတည်ဆောက်မည့် လူနာဆောင်နှင့်တိုက်နယ်ဆေးရုံသစ် တည်ဆောက်မည့် အဆောက်အအုံအခြေခံအပိုင်းတို့ကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက်တိုက်နယ်ကျန်းမာရေး ဌာနဝင်းအတွင်း၌ တွေ့ဆုံပွဲ အခမ်းအနားကိုကျင်းပရာ ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သန်းက ဒေသဆိုင်ရာ အချက်အလက်များနှင့် စေတီပြင်၊ သဇင်မြိုင်နှင့် ပိတောက်မြိုင်ကျေးရွာတို့၌ လေဘေးကြုံရမှု အခြေအနေ၊ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်နိုင်မှုအခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တိုက်နယ်ဆေးရုံ အဆောက်အအုံကို ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ပေးသော ပုံစံအတိုင်း တည်ဆောက်ရေး၊ ဆရာဝန် လစ်လပ်ပါက ပြည်နယ်အနေဖြင့် ဆရာဝန်ကို အလှည့်ကျစီစဉ်ထားရှိရေး၊ သဇင်မြိုင်နှင့်ပိတောက်မြိုင်ကျေးရွာရှိ အိမ်ထောင်စုတိုင်း တာဝန်ပေး၍ တစ်အိမ်လျှင် ၁၀ ဧကနှုန်းဖြင့် ငါးနှစ်အတွင်း ရော်ဘာ ဧက ၅၀ အနည်းဆုံးစိုက်ပျိုးနိုင်ရေးနှင့် ရော်ဘာ မစိုက်နိုင်သော နေရာများတွင် ခြံစည်းရိုးကြက်ဆူ ဧက ၅၀ စီ စိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စေတီပြင်ကျေးရွာ သဇင်မြိုင်ကျေးရွာနှင့် ပိတောက်မြိုင်ကျေးရွာတို့မှ လေဘေးသင့်မိသားစုများအတွက် နေအိမ်များ ပြန်လည်တည်ဆောက်ရန် ထောက်ပံ့ငွေ ကျပ် ၅၂၀၀၀၀ ကိုကျေးရွာနှစ်ရွာမှ ကြီးကြပ်ရေးအဖွဲ့ဝင်များအား ပေးအပ်သည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက စေတီပြင်ကျေးရွာမှ လေဘေးသင့်မိသားစုများ၊ သဇင်မြိုင်ကျေးရွာမှ လေဘေးသင့် မိသားစုများနှင့် ပိတောက်မြိုင်ကျေးရွာမှ လေဘေးသင့်မိသားစုများအတွက် အဝတ်အထည်နှင့်လူသုံးကုန် ပစ္စည်း ၁၁ မျိုးစီပါဝင်သော ထောက်ပံ့ရေးပစ္စည်းများနှင့် ခုနစ်ရက်စာ ဆန်ဖိုးငွေကို သက်ဆိုင်ရာ ကျေးရွာကိုယ်စားလှယ်များအား ပေးအပ်သည်။

ဆေးပဒေသာပင်လက်ခံ

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လေဘေးသင့် မိသားစုများအတွက် ဆေးနှင့်ဆေးဝါးပစ္စည်း ၂၅ မျိုးစီပါဝင်သော ဆေးသေတ္တာများကို စေတီပြင်တိုက်နယ်ဆေးရုံမှ ဒေါက်တာဒေါ်ခင်သူဇာအား ပေးအပ်သည်။

လေဘေးသင့်သော စေတီပြင်၊ သဇင်မြိုင်နှင့် ပိတောက်မြိုင်ကျေးရွာတို့မှ မိသားစုများအတွက် ထောက်ပံ့ပေးအပ်သော ငွေနှင့်ထောက်ပံ့ပစ္စည်းများမှာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အိမ်ပြန်လည်တည်ဆောက်ရန်ငွေ ကျပ် ၅၂၀၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပစ္စည်း ၁၁ မျိုးစီပါ ပစ္စည်းများနှင့် ခုနစ်ရက်စာ ဆန်ဖိုးငွေအပါအဝင် စုစုပေါင်း တန်ဖိုး ၂၂၇၀၂၃၇ ကျပ် ၉၅ ပြား၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးနှင့်ဆေးပစ္စည်း တန်ဖိုးကျပ် ၂၀၀၀၀၀၀ စုစုပေါင်း တန်ဖိုး ၄၇၉၀၂၃၇ ကျပ်နှင့် ၉၅ ပြား ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က စေတီပြင်ကျေးရွာတိုက်နယ် ဆေးရုံ ဆေးပဒေသာပင်အတွက် စေတီပြင်ကျေးရွာမှ ဦးစံသာထွန်းမိသားစု၏ အလှူငွေကျပ် ၁၅၀၀၀၀၊ ဦးမောင်ခင်ဇော် မိသားစု၏ အလှူငွေကျပ် ၁၃၀၀၀၀၊ ဦးမြကျော်စိန် (မေယုအားမာန်မိသားစု)၏ အလှူငွေကျပ်၁၂၀၀၀၀၊ ဦးမောင်ခင်သန်းမိသားစုနှင့် ဦးနေသူရိန်မိသားစုတို့၏ အလှူငွေကျပ် တစ်သိန်းစီတို့ကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က လက်ခံသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးညွန့်က စေတီပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်အတွက် စေတီပြင်ကျေးရွာမှ ဦးမောင်စောမိသားစု၊ ဦးသန်းဝင်းမိသားစု၊ ဦးခင်မောင်မိသားစု၊ ဦးမောင်အေးတင်မိသားစု၊ ဦးကျော်ဝင်းမိသားစုနှင့် ဦးမောင်ခင်ဝင်းမိသားစုတို့၏ လှူဒါန်းငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ စေတီပြင်ကျေးရွာပြည်သူများ၏ စုပေါင်းလှူဒါန်း ငွေကျပ် ဆယ်သိန်းကိုလည်းကောင်း စုစုပေါင်း ၁၆ သိန်းကို လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စေတီပြင်ကျေးရွာမှ အမြန်ရေယာဉ်ဖြင့်ထွက်ခွာကြရာ ရသေ့တောင်မြို့သို့ ရောက်ရှိကြပြီး ရသေ့တောင်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များအား ဆေးရုံအုပ်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနိုင်လင်းဗိုလ်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်ဝန်ကြီးများသည် အမျိုးသမီးလူနာဆောင်၌ ဆေးကုသမှုခံယူနေကြသော အမျိုးသမီးလူနာများအား ဖြည့်စွက်အာဟာရအစားအစာများထောက်ပံ့ ပေးအပ်ပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းအားပေးသည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း မောင်တောမြို့၌ ကျင်းပသော ရခိုင်ပြည်နယ် ဒုတိယအကြိမ် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းအခမ်းအနားတွင် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ကလော မြို့နယ်၏ ၂၀၀၇ ခုနှစ် ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၂၇၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးကို ၂၀၀၆ခုနှစ်မှစ၍ သုံးနှစ်အတွင်း ပြည်နယ်နှင့်တိုင်း တစ်ခုချင်းစီ၌ ဧကငါးသိန်းစီ စိုက်ပျိုးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် နှစ်စဉ်စိုက်ပျိုးရာသီရောက်တိုင်းခြံစည်းရိုးကြက်ဆူများကို သတ်မှတ်ဧကရရှိအောင် စိုက်ပျိုးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၌ မြေလွတ်မြေရိုင်းများရှိသဖြင့် ဘိုင်အိုဒီဇယ်ဆီထုတ်ယူ၍ရသည့် ခြံစည်းရိုး ကြက်ဆူကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ စိုက်ပျိုးနေခြင်း ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ဒေသ၌ အဓိက သီးနှံများကိုလည်း အထွက်ကောင်းမျိုးများသုံး၍ တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)သည် ဝမ်းစာစပါးဖူလုံမှုတွင် ရာနှုန်းပြည့်ထက်ကျော်လွန်ခဲ့သော်လည်း စားသုံးဆီဖူလုံရေးအတွက် အဓိကဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ဆက်လက်တိုးချဲ့ ကြိုးပမ်းဆောင်ရွက်သွားရန်လိုနေသေးကြောင်း၊ အလားတူဒေသတွင် အသုံးပြုသည့် စက်၊ ယာဉ်၊ ယန္တရားများအတွက် စက်သုံးဆီဖူလုံမှုရှိစေရန် ခြံစည်းရိုးကြက်ဆူပင်များကို ပြည်နယ်အတွင်း သတ်မှတ်ဧက ပြည့်မီရေး စိုက်ပျိုးသွားကြရန်၊ စိုက်ပျိုးပြီးပါက ဆက်လက်ရှင်သန် ဖြစ်ထွန်းအောင် ပြုစုပျိုးထောင်သွားရန် လိုအပ်သော မြေဩဇာကျွေးမွေးမှုများ ဆက်လက်ပြုလုပ်သွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ကြက်ဆူပင်များပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးတို့က ကလောမြို့မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြံစည်းရိုး ကြက်ဆူပင်များကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်တိုင်းမှူးတို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး မြေဩဇာများထည့်သွင်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကလောမြို့နယ်မှ ဌာနဆိုင်ရာများ၊ ကလောမြို့နှင့် အောင်ပန်းမြို့တို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်၌ ၂၀၀၇ခုနှစ် စိုက်ပျိုးရာသီတွင် ခြံစည်းရိုးကြက်ဆူဧက ၅၅၀၀ စိုက်ပျိုးရန်လျာထားသတ်မှတ်ထားရာ ယခုအခါ ၁၅၃၂ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

လျာထားသတ်မှတ်

ရှမ်းပြည်နယ်(တောင်ပိုင်း)တစ်ခုလုံး၌ ခြံစည်းရိုးကြက်ဆူဧက ငါးသိန်း စိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၀၆ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူဧက တစ်သိန်းခွဲ စိုက်ပျိုးရန်သတ်မှတ်ထားရာ ၁၅၀၇၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်၍ ၂၀၀၇ ခုနှစ်တွင်လည်း ဧကတစ်သိန်းခွဲ စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ၁၈၃၇၅၄ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ တောင်ကြီးမြို့ အဝင်ရှိ အေးသာယာပျိုးဥယျာဉ်သို့ ရောက်ရှိကြရာ ပြည်နယ်သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးက အေးသာယာပျိုးဥယျာဉ်မှ ပြည်သူများအား ခြံစည်းရိုးကြက်ဆူပင်များ ဖြန့်ဝေပေးမှု အခြေအနေ၊ အုန်းပင်ပေါက်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေနှင့် တောင်ကြီးမြို့အား ပန်းမြို့တော်ဖြစ်ရေးစီမံချက်အရ အလှပန်းပင်များပြုစုပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အေးသာယာပျိုးဥယျာဉ်အတွင်း ခြံစည်းရိုး ကြက်ဆူပင်များ၊ အုန်းပင်များနှင့် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက မျိုးအုန်းပင်များကို တောင်ကြီးတပ်နယ်နှင့် ဗထူးတပ်နယ် ဝမ်ပန်၊ နားပွဲငြိမ်းချမ်းရေးဒေသတို့၌ ပေးပို့စိုက်ပျိုးသွားမည့် အစီအစဉ်နှင့် ဗထူးတပ်နယ်သို့ အုန်းပျိုးပင် ၁၀၀၀ ပို့ပြီးမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၁၂ရက်နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက်တောင်ကြီးမြို့ မြို့တော်ခန်းမအနီး၌ အင်းလေးကန်ဒေသ၏ လူနေမှုစနစ်နှင့် စပ်လျဉ်း၍ ပြသထားသည့် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များအား ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းစိန်က အင်းလေးကန်ဒေသနေ ကျေးရွာလူထု၏ မိလ္လာစွန့်ပစ်ရေး စနစ်ပြောင်းလဲရေး စီမံချက်ရေးဆွဲနေမှု အခြေအနေ၊ အင်းလေးကန်အတွင်း နေထိုင်ကြသောကျေးရွာများမှသေဆုံးသူများအတွက်သင်္ဂြိုဟ်မှုစနစ်ပြောင်းလဲရေးစီမံချက်ရေးဆွဲ အကောင်အထည်ဖော်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စီမံချက်များကို အချိန်ကာလ ပိုင်းခြားသတ်မှတ်ဆောင်ရွက်ရေး မှာကြားခဲ့သည်။

စွန့်ပစ်နည်းစနစ်

ဆက်လက်၍ System Engineering Co., Ltd.မှ ပရောဂျက်မန်နေဂျာဦးဝင်းမြင့်အောင်ကအင်းလေးဒေသနှင့် အသုံးတည့်သည့် Bio Filter Tank မိလ္လာစွန့်ပစ်နည်းစနစ် တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အင်းလေးကန်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မွန်းတည့် ၁၂နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး အသင်းရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ပြည်နယ်အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ်အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လက်ရှိဆောင်ရွက်နေသော နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေကို ရှင်းလင်းပြောကြားပြီး အသင်းဝင်များအနေနှင့် အရေးအတွက်မှသည် အရည်အချင်းသို့ ကူးပြောင်းရေး အသင်းဝင်များ၏ ယုံကြည်ချက်၊ ခံယူချက်များ မှန်ကန်ခိုင်မာရေး၊ ပြည်သူများအား စည်းရုံးသွားကြရေး၊ လတ်တလောဆောင်ရွက်ရမည့် လုပ်ငန်းများကို အချိန်မဆွဲဘဲ တက်တက်ကြွကြွဖြင့် မြန်မြန်ဆန်ဆန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စိုးလှိုင်က ပြည်နယ်အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ချက်

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက မြို့နယ်အလိုက်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ်စေရန် ကျရာအခန်းကဏ္ဍမှ ပိုင်းဝန်းဆောင်ရွက်ရေး၊ ပြည်ထောင်စု စိတ်ဓာတ်ထားရှိရေး၊ ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရေး မှာကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် Public Internet Access Center၌အသင်းဝင်များ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တောင်ကြီးခရိုင် ကလောမြို့နယ်၏ ၂၀၀၇ခုနှစ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မိုးလေဝသအခြေအနေ

၁၄–၆–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

စာမျက်နှာ ၃ မှ

ပေါင်းစပ်ဖြည့်ဆည်းပေး

ယင်းနောက် ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း စီမံပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်ဝန်ကြီးများသည် အမျိုးသားလူနာဆောင်၌ လူနာများအား အာဟာရအစားအစာများ ထောက်ပံ့ပေးအပ်ကြပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆေးရုံအတွက် အရေးပေါ်ဆေးနှင့် ဆေးဝါးပစ္စည်းများ ငွေကျပ် ၂၀၀၀၀၀၀ ဖိုးကိုပေးအပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက လက်ခံယူသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက်ရသေ့တောင်မြို့မှစစ်တွေမြို့သို့ အမြန်ရေယာဉ်ဖြင့် ထွက်ခွာပြီး ညပိုင်း၌ စစ်တွေမြို့ရှိ လောကာနန္ဒာ စေတီတော်အား သွားရောက်ဖူးမြော် ကြည်ညိုသည်။

လှည့်လည်ကြည်ညို

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များကကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာ စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုသည်။

ထို့နောက် စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား တပေါင်းလ၌ ကျင်းပခဲ့သော လောကာနန္ဒာစေတီတော် ထီးတော်ရောင်တော်ဖွင့်မှတ်တမ်းတင် ဗွီစီဒီကို စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ပေးအပ်သည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဝန်ကြီးများသည် လောကာနန္ဒာစေတီတော် ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်း အောင်စကြာမုနိသိမ်တော်အတွင်းရှိ စကြာမုနိရုပ်ပွားတော်အား သွားရောက်ဖူးမြော် ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်၏ သမိုင်းကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရုပ်ပွားတော်ကြီးအား လုံးတော်ပြည့်ဖူးမြော်ကြည်ညိုနိုင်အောင် ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် လျှပ်စစ်မီးဆလိုက်များ စီစဉ်ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘုရားကြီးအတွက် အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကြသည်။

(သတင်းစဉ်)

မန္တလေးအသင်း(ရန်ကုန်)ဓာတ်ပုံပြပွဲပြသမည်

ရန်ကုန် ဇွန် ၁၃

မန္တလေးအသင်း(ရန်ကုန်)က ကြီးမှူး၍ မန္တလေးအသင်း(ရန်ကုန်) ဓာတ်ပုံပြပွဲကို ဇွန်၂၄ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မန္တလေးအသင်း(ရန်ကုန်)၏ ရတနာပုံခန်းမ၌နေ့စဉ် နံနက် ၉နာရီ မှ ညနေ ၅နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ဓာတ်ပုံပြပွဲတွင် ဓာတ်ပုံပညာရှင် ဦးချစ်စိန်၊ ဒေါက်တာမောင်မောင်ကြီး၊ ညောင်ဦးသန်းဌေး၊ ကျော်ဝင်း(လှဂုဏ်ရည်)နှင့် မိုးကုတ်စိုးဌေးတို့ပါဝင်သည့် ဓာတ်ပုံပညာရှင်၁၆ ဦးတို့၏ ၁၂ X၁၈လက်မ အရွယ်ရှိ ရှုချင်စဖွယ်ဓာတ်ပုံပေါင်း ၁၂၀ ကျော်တို့ကို ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပြီး မိမိတို့ကြိုက်နှစ်သက်သည့် ဓာတ်ပုံများကို ဝယ်ယူနိုင်သည်။

မန္တလေးအသင်း(ရန်ကုန်) ဓာတ်ပုံပြပွဲတွင် ပါဝင်ကူညီပံ့ပိုးလိုသည့် အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် မန္တလေးအသင်း(ရန်ကုန်)၊ အမှတ် (၆၂၈/၆၃၂) ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း –၃၈၈၆၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ရေးအဖွဲ့ စည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အမှာစကားပြောကြား e-Library ဝက်ဘ်ဆိုက်နှင့် ခေတ်လူငယ်ဝက်ဘ်ဆိုက်များစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း သန်လျင်မြို့ ဆက်သွယ်ရေးအော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး ဆက်သွယ်ရေး စက်ပစ္စည်းများ တပ်ဆင်ထားမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း အင်ဂျင်နီယာချုပ်က သန်လျင်၊ခရမ်း၊သုံးခွနှင့် အခြားမြို့နယ်များရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ရန်ကုန်တိုင်းအတွင်း ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် သန်လျင် အပြည်ပြည်ဆိုင်ရာ ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်း (အဆင့်–A)သို့ရောက်ရှိပြီး စက်ပစ္စည်းများတပ်ဆင်ထားရှိမှုများ၊ လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ တာဝန်ခံအင်ဂျင်နီယာနှင့် အင်ဂျင်နီယာချုပ်များက အပြည်ပြည်ဆိုင်ရာ ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တပ်ဆင်ထားသော စက်ပစ္စည်းများဖြင့် ပိုမိုအကျိုး ဖြစ်ထွန်းအောင် အသုံးပြုရေး မှာကြားသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာအင်ဖိုတက် အစည်းအဝေးခန်းမ၌ ကျင်းပသော ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ရေးအဖွဲ့ ပဌမအကြိမ်အစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ အစည်းအဝေးတွင် ကွန်ပျူတာသုံး မြန်မာအဘိဓာန်လုပ်ငန်းအဖွဲ့ (Working Group For Myanmar Lexicon)မှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ကွန်ပျူတာသုံး ဘာသာပြန်နှင့် သိမှတ်စနစ်လုပ်ငန်းအဖွဲ့ (Working Group For Machine Translation and Reconition System)မှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ကွန်ပျူတာသုံးမြန်မာစာစနစ် စံနှင့်အသုံးချရေး လုပ်ငန်းအဖွဲ့ (Working Group For Natural Language Processing Standard and Applications) မှ လုပ်ငန်းဆောင် ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးက ကွန်ပျူတာသုံး မြန်မာစာစနစ်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းများ ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာအင်ဖိုတက်တွင် ဆောင်ရွက်လျက်ရှိသော e-Library ဝက်ဘ်ဆိုက်နှင့် ခေတ်လူငယ်ဝက်ဘ်ဆိုက်များအား နေ့စဉ်လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ် လှူဒါန်း

ရန်ကုန်မြို့ ရန်ကင်းစင်တာနေ နှစ်ဖက်သောမိဘများနှင့် ခင်ပွန်း ဦးမောင်မောင်ရီအား ရည်စူး၍ ဒေါ်ခင်မျိုးလှနှင့် မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

အမှတ်၂၈ကျိုက္ကဆံလမ်း တာမွေမြို့နယ်နေ ဦးအဟွတ်၏ (၈၀)ပြည့် မွေးနေ့နှင့် မောင်အောင်သူဟိန်း၏ ၁၇ နှစ်ပြည့် မွေးနေ့ အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ် ၃၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။

(က–ပ)

မြန်မာနိုင်ငံ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ၊ ဆေးပဒေသာပင်စိုက်ထူပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၃

ဇူလိုင် ၃ရက် မြန်မာနိုင်ငံ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ၊ ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက လသာမြို့နယ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကာ အထူးသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် စုပေါင်းသွေးလှူဒါန်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များအား ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ဖွဲ့စည်းပုံနှင့် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမည့် နေရာနှင့် သန့်ရှင်းရေး ဆောင်ရွက်မည့်နေရာများကို လုပ်ကွက်များအလိုက် ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များက သတ်မှတ်သည့်နေရာများတွင် ကြက်ဆူပင်များကို တပျော်တပါးစိုက်ပျိုးပေးပြီးနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းအပြင်နှင့် အနော်ရထာလမ်းဝဲယာတစ်လျှောက်တွင် ကျောက်တံတား၊ စမ်းချောင်း၊ ပန်းဘဲတန်း၊ ဗဟန်း၊ လသာ၊ ဒဂုံ၊ လမ်းမတော်၊ ကြည့်မြင်တိုင်၊ လှိုင်၊ မရမ်းကုန်း၊ ဆိပ်ကမ်း၊ အလုံမြို့နယ်နှင့် ကမာရွတ်မြို့နယ်များမှ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများစုပေါင်း၍ လုပ်ကွက်အလိုက်အထူးသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

စိုက်ထူလှူဒါန်း

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ သုနာပြုအဆောင် အစည်းအဝေးခန်းမ၌ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်စီမံရေးရာဌာနဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရွှေဂုံတိုင်အထူးကုဆေးခန်းက ငွေကျပ်သိန်း၂၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က ငွေကျပ် နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် မိသားစုကငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးကြီးကြည်ထွန်း (ငြိမ်း) – ဒေါ်ခင်လှဝင်း မိသားစုက ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း)–ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး) မိသားစုက ငွေကျပ်တစ်သိန်း၊ မဟာမြိုင်အထူးကု ဆေးခန်းက ငွေကျပ်ငါးသိန်း၊ ဦးရှိန်ဝင်း–ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး)က ငွေကျပ်ငါးသိန်း၊ ဦးဇော်ဇော်–ဒေါ်ဌေးဌေးခိုင်မိသားစု (Max. Myanmar)က ငွေကျပ်ငါးသိန်း၊ ဦးချစ်နိုင်–ဒေါ်ခင်စိုးဝေ မိသားစုက ငွေကျပ်ငါးသိန်း၊ အိုလံပစ်ဟိုတယ်က ငွေကျပ်ငါးသိန်း၊ဒေါက်တာထင်ပေါ်(အကယ်ဒမီဆေးကုခန်း)က ငွေကျပ်ငါးသိန်း၊ ပါရဂူ ဆေးခန်းက ငွေကျပ်ငါးသိန်း၊ဗဟိုစည်ဆေးကုခန်းက ငွေကျပ်ငါးသိန်း၊ အောင်ဇေဆေးကုခန်းက ငွေကျပ် ငါးသိန်း၊ ဆာကူရာဆေးကုခန်းက ငွေကျပ်ငါးသိန်း၊ သျှင်ပါကူ ဆေးကုခန်းက ငွေကျပ်ငါးသိန်း၊ ဒေါက်တာနေလင်း–ဒေါက်တာ ညွန့်ညွန့်စိန်(Rose Hill ဆေးကုခန်း)က ငွေကျပ်ငါးသိန်း၊ Green Cross က ငွေကျပ်ငါးသိန်း၊အာရှတော်ဝင်ဆေးကုခန်းက ငွေကျပ်ငါးသိန်း၊ စန္ဒီပရဆေးမိသားစုက ငွေကျပ်သုံးသိန်း ခုနစ်ထောင်၊ ဒေါ်ခင်မြင့်မြင့် (စွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ)က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များ လုပ်ငန်းရှင်အသင်းက ငွေကျပ်နှစ်သိန်းလေးသောင်း၊ မြောက်ဥက္ကလာဆေးခန်းနှင့် ဆေးလုပ်ငန်းရှင်များက ငွေကျပ်နှစ်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းက ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်၆၂ဦးက လှူဒါန်းငွေနှင့်ဆေးပစ္စည်း စုစုပေါင်း ငွေကျပ် ၂၀၅၂၆၆၂၅ကျပ်ကို လှူဒါန်းကြရာ ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက အလှူငွေများကို လက်ခံယူကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နှုတ်ဆက်အားပေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ အမျိုးသား သွေးဌာန အဆောက်အအုံတွင် ဇူလိုင်၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို သွားရောက်ကြည့်ရှု၍ သွေးလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် ပြည်ပပို့ကုန် ပိုမိုတင်ပို့ရန်စီစဉ်
သမဝါယမအသင်းများက လျာထားချက်ကျော်လွန်အောင် ကြိုးပမ်း
အမယ်သစ်များပို့နိုင်ရန် နည်းလမ်း ရှာဖွေကြိုးစား

နေပြည်တော် ဇွန် ၁၃

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၈ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ မန္တလေးတိုင်း အထွေထွေစီးပွားရေး လုပ်ငန်းပေါင်းစုံ သမဝါယမအသင်းစုချုပ်၏ ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာပစ္စည်းပြခန်း ခန်းမ၌ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ပြည်ပပို့ကုန်လုပ်ငန်း ဆောင်ရွက်သော သမဝါယမအသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မန္တလေးတိုင်း သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် စစ်ကိုင်းတိုင်း သမဝါယမ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့က မိမိတို့ တိုင်းအတွင်းရှိ သမဝါယမအသင်းများ၏ လုပ်ငန်းအခြေအနေများကို တင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပြည်ပပို့ကုန်များ ပိုမိုတင်ပို့ရန် စီစဉ်ဆောင်ရွက်နေမှုအပေါ် မိမိတို့ သမဝါယမအသင်းများကလည်း လျာထားချက်ထက် ကျော်လွန်အောင် တင်ပို့နိုင်ရေး ကြိုးပမ်းကြရန်လိုကြောင်း၊ ပို့ကုန်အမယ်သစ်များပို့နိုင်ရန် နည်းလမ်းရှာဖွေ ကြိုးစားကြရန်လိုကြောင်း၊ အဓိကပို့ကုန်များကိုလည်း ယခင်နှစ်လျာထားချက်ထက် ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းကြရန် မှာကြားပြီး နိုင်ငံခြားပို့ကုန် ပဲအမျိုးမျိုးနှင့် ရတနာပူရ လက်မှုပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် သမဝါယမ ကောလိပ်(မန္တလေး)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများအား တွေ့ဆုံမှာကြားသည်။

ဝန်ကြီးသည် ဇွန် ၉ ရက် နံနက်ပိုင်းတွင် အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းကျောင်းသို့ရောက်ရှိပြီးဆောင်းဒါးပြတိုက်နှင့် အရောင်းခန်းမ၊ စက်ရက်ကန်းသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ရိုးရာရက်ကန်းပညာ မတိမ်ကောမပပျောက်စေရေး ထိန်းသိမ်းရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် သမဝါယမ ကောလိပ်(စစ်ကိုင်း)သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာဆရာမများ၊ စစ်ကိုင်းတိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးအရာရှိများအားတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် မန္တလေးတိုင်း အထွေထွေ စီးပွားရေးလုပ်ငန်းပေါင်းစုံ သမဝါယမအသင်းစုချုပ်၏ နိုင်ငံခြားပို့ကုန် ပဲနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သမဝါယမ)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မန္တလေးပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ Jewellery Luck ကုမ္ပဏီလီမိတက် သစ်ပါးလွှာစက် စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ပုပ္ပားတောင်ဥယျာဉ်နှင့် ပြည်ကြီးတံခွန်စက်မှုဇုန် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ဇွန် ၉ ရက် နံနက်ပိုင်းက ပုပ္ပားတောင်ဥယျာဉ် နတ်ကန်လည်စခန်းသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပုပ္ပားတောင်ဥယျာဉ် ဇရိယာအတွင်း ငှက်ပျောမပျောက်ရေးနှင့် အစားထိုးနှစ်ရှည်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားစည်းရုံးပြီး ဒေသခံပြည်သူလူထုက ရပ်ရွာအတွက် လိုအပ်ချက်များကိုတင်ပြရာ ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်သာမြို့နယ် မြင်းစိုင်းတောင်နှင့် တောင်သာတောင်များသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တောင်သာမြို့နယ် ဦးစီးအရာရှိ ဦးထွန်းမော်က စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ထို့နောက်ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး တောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည်နေ့လယ်ပိုင်းတွင် နွားထိုးကြီးမြို့နယ် မင်းစုံတောင် ဘေးမဲ့တောရှိ သဘာဝ ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမြလွင်က ဘေးမဲ့တောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဘေးမဲ့တောအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကြယ်လိပ်များ မွေးမြူအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် ဇွန် ၁၀ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးပြည်ကြီး တံခွန်မြို့နယ် စက်မှုဇုန်ရှိ HI-TECH သစ်အချောထည် စက်ရုံသို့ရောက်ရှိလာရာစက်ရုံရှင်းလင်းဆောင်၌ စက်ရုံဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့်စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်တို့က စက်ရုံ၏လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်၊ ပရိဘောဂပစ္စည်းများ ထုတ် လုပ်ပုံအဆင့်ဆင့်နှင့် ပြည်ပတင်ပို့ရန် ပစ္စည်းများ ထုပ်ပိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါစက်ရုံသည် တန်ဖိုးမြင့်ကျွန်းသစ်ခွဲ သားနှင့် ပရိဘောဂများကို တရုတ်၊ ကိုရီးယား၊ ဂျပန်နှင့် ဥရောပ နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

ထုတ်လုပ်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ Jewellery Luck ကုမ္ပဏီ လီမိတက် သစ်ပါးလွှာ စက်ရုံရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ စက်ရုံ၏ ဒါရိုက်တာ ဦးအေးထွန်းရွှေက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ Wood Gas အသုံးပြု လည်ပတ်သဖြင့် လောင်စာဆီ ထက်ဝက်သက်သာနေမှု၊ကျောက်ဆည်မြို့တွင် စက်ရုံအသစ်တည်ဆောက်ရန် ပြင်ဆင်ထားရှိမှုတို့ကိုတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း သစ်ပါးလွှာမှုအဆင့်ဆင့်၊ လွှသွေးစက်ခန်း၊ အထပ်သားများ ပြုလုပ်နေမှု၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားမှုနှင့် ဖော်မိုက်ကာပြား ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တင်ပို့ရောင်းချ

အဆိုပါစက်ရုံသည် သစ်ပါးလွှာ၊ အထပ်သားနှင့် ဖော်မိုက်ကာများ ထုတ်လုပ်ပြီး စင်ကာပူ၊ တရုတ်၊ ကိုရီးယား နိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ACCA သင်ရိုးညွှန်းတမ်းအသစ်နှင့် ပတ်သက်၍
ပညာပေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

ဒေါက်တာတင်လတ် ဦးစီးသော Management & Accountancy Training Ltd. မှ MAT သင်တန်းကျောင်းကို သိမ်ဖြူလမ်းတွင်ဖွင့်လှစ်ထားရှိပြီး အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု စာရင်းပညာနှင့် စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားပို့ချလျက်ရှိသည်။ အင်္ဂလန်နိုင်ငံ အခြေစိုက် The Association of Chartered Certified Accountants (ACCA) အဖွဲ့အစည်းက မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆၀ တွင် ACCA စာမေးပွဲများကို တစ်နှစ်လျှင်နှစ်ကြိမ် တစ်ပြိုင်နက်တည်း ကျင်းပပေးလျက်ရှိသည်။

ဘာသာရပ် ၁၄ခုပါဝင်

ACCA စာမေးပွဲများတွင် စာရင်းကိုင်ပညာ၊ စာရင်းစစ်ပညာ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုပညာ၊ အထွေထွေစီးပွားရေးစီမံခန့်ခွဲမှုပညာ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာ၊ အခွန်ပညာ၊ သတင်းအချက် အလက်ဆိုင်ရာ စီမံခန့်ခွဲမှုပညာ၊ ကုမ္ပဏီစီမံအုပ်ချုပ်မှုပညာ၊နိုင်ငံတကာ စာရင်းစံများဆိုင်ရာ ဘာသာရပ်၊ တန်ဖိုးတွက်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ စာရင်းပညာ၊ ဘဏ္ဍာရေးအစီရင်ခံစာ တင်သွင်း ခြင်းဆိုင်ရာ ဘာသာရပ်နှင့် စာရင်းပညာရှင်တို့လိုက်နာရမည့် ကျင့်ဝတ် သိက္ခာပိုင်းဆိုင်ရာ စောင့်ထိန်းရေး ဘာသာရပ်စသည့် ဘာသာရပ်ပေါင်း ၁၄ ခု ပါဝင်သည်။

ဖြေဆိုကြရမည်

ACCA သင်တန်းများအောင်မြင်ပြီး လုပ်ငန်းခွင်အတွေ့အကြုံ သုံးနှစ်ရရှိပြီးပါက မဟာဘွဲ့နှင့်ညီမျှသော (ACCA Member) စာရင်းပညာရှင်တစ်ဦးအဖြစ် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ကို အင်္ဂလန်မှ တိုက်ရိုက်ချီးမြှင့်ပေးသည်။ မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ်မှ ACCA စာမေးပွဲများကို စတင်ဖြေဆိုခဲ့ကြသည်။ ယခုအခါတွင် မြန်မာနိုင်ငံမှ ACCA အောင်မြင်ပြီးသူ ၄၀ ကျော် ရှိပြီးဖြစ်သည်။ ACCA လက်မှတ် ရရှိပြီးသော ပညာရှင်များသည် ပြည်တွင်းပြည်ပ ကုမ္ပဏီများ၊ စီးပွားရေးနှင့်စက်မှုလုပ်ငန်းများ၊စာရင်းစစ်လုပ်ငန်းများ၏ စာရင်းစစ်နှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှုနယ်ပယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြသည်။ ACCA သင်ရိုးညွှန်းတမ်းများကိုခေတ်နှင့်လျော်ညီစွာ လေးနှစ်တစ်ကြိမ် အပြောင်းအလဲ မွမ်းမံမှုများ ပြုလုပ်လေ့ရှိသည်။ မကြာမီဖြေဆိုရမည့် December 2007(ACCA)စာမေးပွဲတွင် ပြင်ဆင်ရေးဆွဲပြီးဖြစ်သည့် သင်ရိုးညွှန်းတမ်းအသစ်အတိုင်း ဖြေဆိုကြရမည်ဖြစ်သည်။

အခမဲ့တက်ရောက်နိုင်

မြန်မာနိုင်ငံရှိ ACCA ဖြေဆိုသူများ သင်ရိုးညွှန်းတမ်းအသစ်နှင့်ပတ်သက်၍ ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel၌ ဇွန် ၁၇ ရက် ညနေ ၄ နာရီခွဲမှ ၆ နာရီအထိ ဆွေးနွေးပြောကြားမည်ဖြစ်ရာ ဆွေးနွေးပွဲသို့ ACCA ၏ကျောင်းသား ကျောင်းသူများ၊ ACCA ဆရာ ဆရာမများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်သည်။

စာရင်းပေးသွင်းနိုင်

ဆွေးနွေးပွဲ တက်ရောက်လိုသူများသည် ဖုန်း-၂၄၂၄၃၁၊ ၃၈၅၈၉၅၊ ၂၉၆၇၈၁တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း(ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် ဦးသန်းဆွေ၊ ဒေါ်မေသန်းကြွယ်နှင့် ဘိုးဘွားဘီဘင်၊ ဆွေမျိုးအားလုံးတို့အား ထာဝရရည်စူး၍ အမှတ် (၁၁၅) ကျောက်ချဉ်းကပ်လမ်း ကမ်းနားအလယ်ရပ် အင်းစိန်နေ ဦးနိုင်လင်း၊ ဦးတိုက်စိုးလင်း၊ ဦးစံမင်းထွဋ်၊ ဒေါ်လွင်လွင်မော်၊ မောင်သူရဦး၊ မယုစန္ဒာစိုး၊ မောင်ထက်နိုင်စိုး၊ မောင်မိုးမြင့်အာကာကျော် မိသားစုက ငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗုဒ္ဓဒေသနာတော်(မဟာသမယသုတ်)အကောင်းဆုံးရွတ်ဆိုမှု ရွေးချယ်ပွဲဖွင့် ရောဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ စည်းဝေး

ရန်ကုန် ဇွန် ၁၃

အနောက်တောင်တိုင်းစစ်ဌာနချုပ် ဗုဒ္ဓဒေသနာတော်(မဟာသမယသုတ်)အကောင်းဆုံးရွတ်ဆိုမှု ရွေးချယ်ပွဲဖွင့်ပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၈နာရီက တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ ကျင်းပရာ ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ တက်ရောက်ကြပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရတနာတန်ဆောင်ခန်းမ၌ကျင်းပသော ရောဝတီတိုင်း ၂၀၀၇–၂၀၀၈ခု ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဗလာစာအုပ်ဒါဇင် ၁၆၅၀ ကို တိုင်းပညာရေးမှူး ဦးခင်မောင်ရီအား ပေးအပ်ပြီး ဆက်လက်၍ တိုင်းမှူးထံသို့ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းငွေကျပ် နှစ်သိန်းကိုလည်းကောင်း **(ယာပုံ)**၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က တိုင်း အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက ငွေကျပ် နှစ်သိန်းကို လည်းကောင်း၊ တော်ဝင်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက အထက်တန်း၊ အလယ်တန်း ကျောင်းသားသုံးဦးထိုင် စာရေးခုံ အစုံ ၂၀၀ကို ပေးအပ်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းထံသို့ အလှူငွေနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ဦးမြင့်ဆွေက တိုင်းပညာရေးမှူး ဦးခင်မောင်ရီထံသို့ သူငယ်တန်းဖတ်စာအုပ်အစုံ ၁၀၀၃၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ခွဲဝေပေးသွားမည်

ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဗလာစာအုပ် ဒါဇင် ၂၀၅၀၊ သုံးဦးထိုင်စာသင်ခုံ အစုံ ၂၀၀နှင့် လှူဒါန်းငွေများအပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၆၉၆၃၀၀၀ ဖြစ်ပြီး စာသင်ခုံများအား တစ်ခရိုင်လျှင် အစုံ၄၀ နှုန်းဖြင့်လည်းကောင်း၊ ဗလာစာအုပ်များကို ပုသိမ်ခရိုင်အတွက် ၅၆၃ ဒါဇင်၊ ဟင်္သာတခရိုင်အတွက် ၄၈၃ ဒါဇင်၊ မြောင်းမြခရိုင်အတွက်ဒါဇင် ၃၉၀၊ မအူပင်ခရိုင်အတွက် ၃၁၂ ဒါဇင်၊ ဖျာပုံခရိုင် အတွက်၃၁၂ဒါဇင်ကို လည်းကောင်း ခွဲဝေပေးသွားမည် ဖြစ်သည်။

တက်ရောက်ကြည့်ရှု

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဒေသနာတော်(မဟာသမယသုတ်)ရွတ်ဆိုပူဇော်မှု အကောင်းဆုံးရွေးချယ်ပွဲကို မွန်းလွဲ ၁နာရီတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ရှေးဦးစွာ တိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌ ကုန်းသာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး၊ ပရိသတ် အပေါင်းက ငါးပါးသီလခံယူဆောက် တည်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ဒေါ်သန်းသန်းညွန့်နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီအောင်တို့က ဂုဏ်ပြုဆုရ အသင်းနှင့် နှစ်သိမ့်ဆုရ အသင်းများအားလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့က တတိယ၊ ဒုတိယ၊ ပထမဆုရ ဝတ်အသင်းများအား ဆုများပေးအပ်ကာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ တိုင်းမှူးနှင့် ဇနီး၊ပရိသတ်အပေါင်းကသြဝါဒကထာနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရှေ့လုပ်ငန်းစဉ်

ရောဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၆ခုနှစ်နှစ်ပတ်လည်အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ပုသိမ်မြို့ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက် အမှာစကားပြောကြားပြီး တက်ရောက်လာသူများ၏ အထွေထွေဆွေးနွေးချက်၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးကာ ရှေ့လုပ်ငန်းစဉ်များချပြ၍ အခမ်းအနားကို ရုပ်သိမ်းသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်း(ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း အလုံမြို့နယ် ဆင်မင်းလမ်း အမှတ်(၅၄)လေးလွှာ/ဘီ နေ ဦးခင်ညို–ဒေါ်ဝေဝေလှိုင် မိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင် ရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၃

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိ(ရန်ကုန်ဌာန) တိပိဋက ကျောင်းတော် အမှတ် ၁၂ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင်(၁၄)ကြိမ်မြောက် ရာသက်ပန်ဆွမ်းပဒေသာအပင် ၁၀၀၀ ပြည့် ရေစက်ချပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကြွရောက်နိုင်

ဖိတ်စာမရရှိသော်လည်း ၂၀၀၆ ခုနှစ် ဩဂုတ် ၁၅ ရက်မှ ၂၀၀၇ ခုနှစ် မတ် ၁၁ ရက်အထိ လှူဒါန်းထားကြသော ဆွမ်းပဒေသာပင် အလှူရှင်များသည် ရေစက်ချပွဲ အခမ်းအနားသို့ တက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

သာသနာပြု ကျောင်းတော်ကြီးအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၁၃

ချင်းပြည်နယ် ဟားခါးမြို့ မြို့မ သာသနာပြု စာသင်တိုက် ပဓာနနာယက ချင်းတောင်တန်းသာသနာပြု ဗဟိုခေါင်းဆောင်ဆရာတော် ဘဒ္ဒန္တတေဇောသာရ (ဓမ္မာစရိယ၊ ဘီအေ၊ မဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော် ဝိနည်းဓိုရ်)သည် နယ်စပ်နှင့် တောင်တန်းဒေသမှ ဓမ္မာစရိယတန်းရောက် တိုင်းရင်းသားရဟန်းသာမဏေများသီတင်းသုံး ပညာသင်ကြားနိုင်ရန် ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရ သာသနာပြု ကျောင်းတော်ကြီးကို တာမွေမြို့နယ် မလွကုန်းဒွေးကြွယ်(က) ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၃၁၄)တာမွေဈေး အနီးတွင် ဆောက်လုပ် သာသနာပြုလျက်ရှိသည်။

ကျောင်းတော်ကြီး အောင်မြင်စွာ ဆောက်လုပ် ပြီးစီးနိုင်ရန်အတွက် တာမွေမြို့နယ် ဗိုလ်ချုပ်ရေးအိုးစင်လမ်းနေ ဦးကျော်စိန်–ဒေါ်ကျင်မြတို့အားရည်စူး၍ ဒေါ်ဖြူဖြူစိန်၊ ဒေါ်နီနီစိန်၊ မသိမ့်ကေခိုင်ဝင်း၊ မသက်ခန့်ခန့်သွယ်နှင့် သားသမီး၊မြေးတစ်စုတို့က ငွေကျပ်ငါးသိန်းတစ်သောင်းနှစ်ထောင့်ငါးရာ၊ ၁၅၅လမ်း၊ အမှတ်(၁၇)နေ ဦးတင်အောင်–ဒေါ်ညွန့်ရီ မိသားစုက ငွေကျပ်လေးသိန်း၊ တာမွေမြို့နယ် ရွှေဥဒေါင်းလမ်းနေ ဒေါ်ဝင်းက ငွေကျပ်သုံးသိန်း၊ ရွှေဟင်္သာလမ်း အမှတ်(၂၁)နေ မောင်ထွန်းထွန်းဝင်း–မအေးအေးနိုင်၊ သမီး အိသက်ခင်မိသားစုက ငွေကျပ်နှစ်သိန်း၊ ကျိုက္ကဆံလမ်း အမှတ်(၃၁၁ A)နေ ဦးချစ်တင်အားရည်စူး၍ ဒေါ်စန်း၊ ဒေါ်ခင်ရီ၊ ကိုဝင်းအောင်သန်း၊ မစပယ်တို့က ငွေကျပ်တစ်သိန်းတစ်သောင်းသုံးထောင်၊ ပဲခူးတိုင်းသနပ်ပင်မြို့ မင်းရွာ(တာဝ)နေ ဦးလှမောင်–ဒေါ်ခင်အေး (လမင်းသာဆန်စက်)မိသားစုတို့ကငွေကျပ်တစ်သိန်းငါးသောင်း၊ မင်းရွာနေ ဒေါ်အောင်မေကြိုင်က ငွေကျပ်တစ်သိန်း၊ ဦးကြည်ဝင်း–ဒေါ်မြအေးမိသားစုတို့က ငွေကျပ်တစ်သိန်းတို့ကို သာသနာပြုဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသော စေတနာရှင်များသည် ချင်းတောင်တန်းသာသနာပြု ဆရာတော် ဖုန်း–၀၉–၅၀–၁၁၄၂၀၊ ၀၁–၅၄၅၁၅၃ (ရန်ကုန်)နှင့် ၀၇၀–၂၁၁၃၂ (ဟားခါး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**

ဇွန် ၇ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ကျောင်းသား ကျောင်းသူလေးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။ (က–ပ)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

၂၀၀၇ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ပြန့်စွာ သိရှိစေရန် ရည်ရွယ်၍ ကျင်းပသွားမည်ဖြစ်သည်။

ကျင်းပမည်

ဆောင်းပါးပြိုင်ပွဲကို **မိသားစုဖွံ့ဖြိုး နိုင်ငံတော်တိုးတက် အမျိုးသမီးများ၏ စွမ်းဆောင်ချက်** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **ဘက်စုံဖွံ့ဖြိုး နိုင်ငံတော်အကျိုး အမျိုးသမီးများ ရွက်သယ်ပိုး** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ရေးသားယှဉ်ပြိုင်

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်း မရှိသေးသည့် စာမူများကို စာလုံးရေ သုံးထောင်မှ ငါးထောင်အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင် စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

အကန့်အသတ်မရှိပေးပို့

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာ အရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀x၁၄လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည် ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

နောက်ဆုံးထား ပေးပို့ရမည်

ပြိုင်ပွဲဝင် ဆောင်းပါးများကို ဇွန် ၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် ၂၂၊ ၂၄ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

အချိန်မီပါသေးတယ်

ပေါ်ဦးထွန်း(မင်းကိုနိုင်)

မင်းမှတ်မိမလားတော့ မပြောတတ်ဘူး။ အင်းစိန်ထောင် အထူးဆောင် ဆယ်ခန်းတွဲတိုက်မှာ နေခဲ့ကြတုန်းက ညကိုးနာရီ အိပ်ချိန်မပေးခင် တစ်ခန်းနဲ့တစ်ခန်း တို့အချင်းချင်း စကားစမြည် အပြန်အလှန် အော်ပြောဖြစ်ခဲ့ကြတာတွေကို ငါတော့ မှတ်မိနေတုန်းပဲ။

အထူးသဖြင့် မင်းနဲ့ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်က NLD ကိုယ်စားပြု အရွေးချယ်ခံအမတ် ဘောင်းဘီချွတ်ကြီးတစ်ဦး တို့ရဲ့ အပေါက်အလမ်းမတည့်တဲ့ နိုင်ငံရေးအမြင်ဖလှယ်မှု စကားနာထိုးပွဲက အကြောင်းအရာတွေကို ငါပြန်ပြီးကြားယောင်နေမိတယ်။ မင်း အဲဒီတုန်းက ဒေါ်စုကြည်နဲ့ ဦးတင်ဦးကို ဘယ်လိုဝေဖန်သုံးသပ်ခဲ့သလဲ။ ဗီဇမမှန်တဲ့ ဒီမိုကရေစီသမားတွေလို့ ပြောခဲ့တာလေ။

ရှင်းရှင်းပြောရရင် မင်းကိုယ်မင်း နိုင်ငံရေးပါးမဝမှန်း မင်းအသိဆုံးပါ ပေါ်ဦးထွန်းရာ။ အရိုးရင့်အမွေးရှည် ဗကပယူဂျီသက်ခိုင်တို့ မော်ဇင်တို့နဲ့ နိုင်ငံရေးအကြောင်းတွေ ပြောကြတဲ့အခါ မင်းအဆင့် ဘယ်လောက်ရှိမှန်း မင်းသိခဲ့ပြီးသားပဲ။ နောက်တစ်ခါ မင်းခေါင်းထဲမှာရှိနေတဲ့ နိုင်ငံရေးသဘောတရားဆိုတာကရော ဘာကိုအခြေခံထားတဲ့ နိုင်ငံရေးသဘောတရားလဲ။ လက်ဝဲလား၊ လက်ယာလား၊ လစ်ဘရယ် ဒီမိုကရေစီလား။ မင်းဘက်က အမှန်အတိုင်း ဖြေရဲရင် မင်းနဲ့ အလွမ်းသင့်တဲ့ အသံလွှင့်ဌာနတစ်ခုခုကနေ ပြန်ဖြေပြလိုက်ပါ။ မင်းအဖြေပေါ်မူတည်ပြီး ထပ်ဆွေးနွေးကြတာပေါ့။

မင်းအနေနဲ့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲအကြို ပြည်တွင်းပါတီနိုင်ငံရေးအရှုပ်တော်ပုံ ဇာတ်လမ်းစုံကြီးထဲမှာ ပါဝင်ခွင့်မရလိုက်ဘဲ ၈၈အရေးအခင်းအမူးမပြယ်သေးတဲ့အချိန်မှာ ထောင်ထဲကိုရောက်လာခဲ့ပြီး ထောင်ထဲရောက်မှ ဟိုလူပြောစကား ဒီလူပြောစကားတွေ၊ ထောင်ဝင်စာကတစ်ဆင့် ဟိုစပ်စပ်ဒီစပ်စပ် ကြားရချက်တွေကို ဟိုတစ်စ ဒီတစ်စဆက်စပ်ရင်း ပြည်တွင်းနိုင်ငံရေးအခြေအနေတွေအပေါ် ခဲကောက်ကြောင်းခြစ်မိခဲ့တာ မဟုတ်ဘူးလား။ မင်းရဲ့သံတိုင်ကြားက နိုင်ငံရေးအမြင်တွေဟာ ပကတိ အရှိတရားတွေနဲ့တော့ ကင်းကွာနေတာအမှန်ပဲ ကိုယ့်လူရေ။

မင်းတို့ လက်သုံးစကားဖြစ်တဲ့ ပြည်သူလူထုဆိုတဲ့စကားကိုပဲ ပြန်သုံးပြီး ပြောကြစတမ်းဆိုရင် မင်းတို့ရဲ့စိတ်ထဲက တိုင်းပြည်နဲ့ လူမျိုးကောင်းစားစေချင်တဲ့ စိတ်စေတနာအပေါ် ဘာမှသံသယမရှိပေမယ့် ပြည်သူလူထုအတွက် မင်းတို့ရဲ့ လုပ်ဆောင်ချက်တွေက သံသယဝင်စရာတွေ ဖြစ်နေတယ်။ မင်းကိုယ်မင်း သိပ်ထင်နေတယ်ဆိုရင်တော့ မြန်မာပြည်အပြင်ဘက်ထွက်ပြီး တည်ဆဲအစိုးရဆန့်ကျင်ရေးအလုပ်ကို လုပ်ကြည့်လိုက်ပါ။ မင်းကိုယ်မင်း ဘယ်နှလခံ နိုင်ငံရေးသမားလဲဆိုတာကို မင်းကောင်းကောင်းသဘောပေါက်သွားပါလိမ့်မယ်။ မယုံရင်သွားကြည့်လိုက် သူငယ်ချင်း။ ဆင်ဖမ်းမယ် ကျားဖမ်းမယ်ဆိုပြီး ထွက်သွားတဲ့ ဟိုကောင်ကြီး မိုးသီးဇွန်လဲ နောက်ဆုံးတော့ အမေရိကန်မှာ ပြည်ပြေးဘဝနဲ့ ဂိတ်ဆုံးရတာပဲ မဟုတ်ဘူးလား။

လူတစ်ဦးချင်းရဲ့လိုဘမပြည့်မှုတွေကို ရှေ့တန်းတင်ပြီး တည်ဆဲအစိုးရကို ပြစ်တင် ဝေဖန်တာမျိုးကတော့ မင်းပြောမှ မဟုတ်ပါဘူးကွာ။ မီးမလာလို့ တီဗွီကကိုရီးယားဇာတ်လမ်းတွဲ မကြည့်ရတဲ့ ငါ့သမီးအငယ်မလဲ ပြောတတ်တာပါပဲ။ နိုင်ငံသားတစ်ယောက်ရဲ့ လိုအင်ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးနိုင်တဲ့ အစိုးရမျိုး ဘယ်နိုင်ငံမှာများ ရှိလို့လဲကွာ။

နိုင်ငံသူ နိုင်ငံသားတွေနဲ့ နိုင်ငံတော်အစိုးရကြားမှာ အပြန်အလှန် သည်းခံနားလည်ပေးရတာတွေ ရှိစမြဲပါပဲ။ ဘယ်နိုင်ငံမျိုးမှာမှ နိုင်ငံသားတစ်ယောက်ကို ဘာမဆို အားလုံးနီးပါး ခွင့်ပြုလိုက်လျောတတ်ခြင်း (Permissiveness)ဆိုတဲ့ အခွင့်အရေးမျိုး မပေးထားဘူး။ ဒီကနေ့ တည်ဆဲအစိုးရအနေနဲ့ မြေပေါ်နိုင်ငံရေးအင်အားစုတွေအပေါ်ထားတဲ့ သဘောထားကို လေ့လာကြည့်လိုက်ရင် လူတစ်ယောက်ရဲ့လိုအင်ဆန္ဒ ဒါမှမဟုတ် လူတစ်စုရဲ့လိုအင်ဆန္ဒတွေဟာ အများပြည်သူရဲ့လိုလားတောင့်တချက်နဲ့ မကိုက်ညီသည့်တိုင်အောင် ဒီမိုကရေစီရဲ့ အခြေခံအချက်တွေကို ငြိစွန်းမှုမရှိဘူးဆိုရင် အဲဒီ လူတစ်ယောက်၊ လူတစ်စုရဲ့ ဝေဖန်ဆန့်ကျင်ပုတ်ခတ်မှုတွေကို မသိချင်ယောင်ဆောင်ပေးနေတာကို တွေ့ရလိမ့်မယ်။

အဝေးကြီးမကြည့်နဲ့၊ မင်းတို့ မြအေးတို့၊ ဌေးကြွယ်တို့၊ ကိုကိုကြီးတို့ အုပ်စုဖွဲ့ပြီး ၈၈ မျိုးဆက်ကျောင်းသား ဘာညာနဲ့ လုပ်စားနေကြတာကိုပဲကြည့်။ မင်းတို့တတွေ တရားမဝင်အသင်းအဖွဲ့အမည်ခံပြီး ပြည်ပမီဒီယာပေါင်းစုံမှာ ပြောချင်ရာပြောခွင့်ရနေတာဟာ တည်ဆဲအစိုးရဘက်က နားလည် သည်းခံပေးခြင်းတစ်မျိုးပဲလေ။ ဒါကို မင်းတို့အနေနဲ့ တန်ဖိုးရှိရှိ အသုံးချစေချင်တယ်။

ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ ဂိုဏ်းဂဏစွဲတွေရှေ့တန်းတင်ပြီး တစ်ကိုယ်ရည်ထင်ပေါ်ကျော်စောမှုအတွက် လူပေါ်လူဇော်ဝင်လုပ်တာမျိုး ထလုပ်တာမျိုးကတော့ နိုင်ငံရေးအချောင်သမား စုန်းပြူးတွေလုပ်တတ်တဲ့ အကျင့်ဆိုးတွေပဲလို့ နားလည်ထားတယ်။

မင်းတို့အုပ်စုအနေနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အမှန်တကယ် ကောင်းစားစေချင်ရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ ပကတိ အရှိတရားနဲ့ ခေတ်ကာလလိုအပ်ချက်တွေကို အကောင်းမြင်အပြုသဘောဆောင်တဲ့ ရပ်တည်ချက်နဲ့ လုပ်သင့်တယ်။ နယ်ချဲ့လက်သစ်တွေ ခင်းပေးတဲ့ လမ်းပေါ်မှာ လူရာဝင်လိုမှုနဲ့ အသုံးချခံမဖြစ်သင့်ဘူး။ မင်းတို့ကို ပြည်ပအားကိုးပုဆိန်ရိုးလို့ စွပ်စွဲနေတာ မဟုတ်ဘူးနော်။

ဒါပေမယ့် မင်းတို့အနေနဲ့ ဘယ်သူတွေခင်းပေးတဲ့ လမ်းကြောင်းအတိုင်း လျှောက်မိလျက်သား ဖြစ်နေတယ်ဆိုတာကို မင်းတို့သုံးသပ်လို့ရအောင် ထောက်ပြချင်တာလေးတွေရှိတယ်။ ဒီကနေ့ တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေအပေါ် အပြုသဘောမဆောင်တဲ့အပြင် ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ အနောက်အုပ်စု အင်အားကြီးနိုင်ငံအချို့ဟာ သူတို့လိုချင်တဲ့ နိုင်ငံရေးပုံစံသွတ်သွင်းဖို့နဲ့ သူတို့ကြိုးဆွဲရာကမယ့်သူကို ခေါင်းဆောင်တင်ဖို့အတွက် ဘာတွေလုပ်နေသလဲဆိုတာ မင်းသိပြီးသားပါ။ ဒါကို မင်းတို့က ဒီလိုမြင်ချင်မှတော့ မြင်လိမ့်မယ်။

ဆိုတော့ကာ

အချက်အလက်အရပဲ ပြောမယ်ကွာ။ Soros Foundation ဆိုတာ မင်းသိမှာပေါ့။ အရှေ့တောင်အာရှရဲ့ ငွေကြေးဈေးကွက်ကို ချေမွဖျက်ဆီးခဲ့တဲ့ အမေရိကန်က သန်းကြွယ်သူဌေးကြီး Gorge Soros ကိုယ်တိုင် ၁၉၇၉ ခုနှစ်တုန်းက နယူးယောက်မြို့မှာ စတင်ထူထောင်ခဲ့တဲ့ အဖွဲ့အစည်း၊ CIA ညွှန်ကြားရေးမှူး လုပ်ခဲ့ဖူးတဲ့ အမေရိကန်သမ္မတကြီးကိုယ်တိုင် အခါတော်ပေး လမ်းညွှန်မှုတွေ လုပ်ခဲ့တဲ့ အဖွဲ့ကြီးပဲ။

ထူးခြားတာ တစ်ခုကတော့ အဲဒီအဖွဲ့ကြီးဟာ ငွေကြေးရင်းနှီးမြှုပ်နှံမှုအားကောင်းကောင်းနဲ့ ၁၉၈၄ ခုနှစ်မှာ ဟန်ဂေရီနိုင်ငံ၊ ၁၉၈၇ခုနှစ်မှာ ဆိုဗီယက်ယူနီယံတို့မှာ စီးပွားရေးလုပ်ငန်းတွေ ဝင်ရောက်လုပ်ကိုင်ခဲ့တယ်။ အဲ–သိပ်မကြာလိုက်ဘူး။ ဟန်ဂေရီမှာရှိတဲ့ ဆိုရှယ်လစ်အစိုးရ ဗုန်းဗုန်းလဲခဲ့ရသလို ဆိုဗီယက်ယူနီယံကြီးလဲ တစ်စစီ ဖြစ်သွားခဲ့ရရှာတယ်၊ ဒီလောက်ဆို အဲဒီအဖွဲ့ ဘယ်လောက်အဆိပ်ပြင်းသလဲဆိုတာ မင်းခန့်မှန်းလို့ရလောက်ပါတယ်၊ အသေးစိတ်လုပ်နည်းလုပ်ဟန်တွေ၊ အဖြစ်အပျက်တွေကို သိချင်ရင်တော့ ကြုံတဲ့တစ်နေ့ ပြောပြမယ်။

ဒီကနေ့ တို့နိုင်ငံအတွင်းအပြင်က မင်းတို့လို ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ပေးကမ်းထောက်ပံ့မှုတွေ လုပ်ပေးနေတဲ့ ပြည်ပက အမည်အမျိုးမျိုးခံအဖွဲ့အစည်းတွေဟာ Soros Foundation နဲ့ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်တစ်နည်း ပတ်သက်နေတယ်။ အထူးသဖြင့် ခြေတံလက်တံရှည်လွန်းတဲ့ Open Society Institute (OSI) အဖွဲ့ဟာ မြန်မာပြည်ဖျက် စီမံကိန်းအတွက် Soros Foundation ရဲ့ တိုက်ရိုက်ထောက်ပံ့မှု ရရှိထားတဲ့အဖွဲ့ပဲ။

နယ်စပ်တစ်လျှောက်နဲ့ ပြည်ပနိုင်ငံအသီးသီးမှာ ရှိနေကြတဲ့ တည်ဆဲအစိုးရဆန့်ကျင်ရေး အဖွဲ့အစည်းပေါင်းစုံ ရပ်တည်ရေးကို ကျောထောက်နောက်ခံပြုပေးနေတာဟာ Open Society Institute (OSI)အဖွဲ့ဖြစ်တယ်ဆိုတာကို ဘယ်သူမှမငြင်းနိုင်ဘူး၊ NCGUB, NCUB, NLD(LA), ABSDF, DAB, KNU, ABSU, AAPP, MPU, FTUB, DPNS စတဲ့ ပြည်ပြေးအဖွဲ့အစည်းပေါင်းစုံအပါအဝင် တည်ဆဲမြန်မာအစိုးရဆန့်ကျင်ရေးမီဒီယာတွေနဲ့ အသံလွှင့်လုပ်ငန်းတွေ အားလုံးဟာ Open Society Institute (OSI) အဖွဲ့ရဲ့ အထောက်အပံ့နဲ့ ရပ်တည်နေတာ။ ပြည်တွင်းက အချို့နိုင်ငံရေးပါတီတွေ၊ ပုဂ္ဂိုလ်တွေလဲမကင်းဘူး။

Burma Project အမည်ပေါက် မြန်မာပြည်ဖျက်စီမံကိန်း အကြောင်းလဲ ထည့်ပြောဖို့လိုလိမ့်မယ်ထင်တယ်။ ပြည်ပြေးမွေးမြူရေးနဲ့ မြန်မာပြည်ဖျက်ဆီးရေး လုပ်ငန်းပေါင်းစုံကို လုပ်ဆောင်ဖို့အတွက် Burma Project အနေနဲ့ ငွေတွေပုံအော သုံးခဲ့ပေမယ့် ထင်သလောက် ခရီးမရောက်ခဲ့ဘူး။ ၁၉၉၇ ခုနှစ် ဇန်နဝါရီလတုန်းက အမေရိကန်ကနေ မြန်မာပြည်ကိုရောက်လာပြီး ရန်ကုန်မှာရှိနေတဲ့ ဒေါ်စုကြည်ထံကို သူ့အနီးကပ်လူယုံတွေဖြစ်တဲ့ မြင့်ဆွေတို့၊ ငယ်မမသန်းတို့၊ ချိုအောင်သန်းတို့ကနေ တစ်ဆင့် အမေရိကန်ဒေါ်လာရှစ်သောင်းနဲ့ နိုင်ငံရေးဆိုင်ရာစာအုပ်စာတမ်းတွေလာပို့ပေးခဲ့သူ အမေရိကန်နိုင်ငံသား Phillip Robertson တို့၊ ဗန်ကောက်အခြေစိုက် Asian American Free Labour Institute (AAFLI) က John Vincent Osolnick တို့ဆိုတာ ဘယ်လိုလူစားတွေလဲ၊ နာမည်ဘယ်နှမျိုးနဲ့ လုပ်စားနေကြတဲ့သူတွေလဲ၊ ဘယ်အဖွဲ့ကို ကိုယ်စားပြုနေသူတွေလဲဆိုတာကို သူတို့နဲ့ ပလူးပလဲလုပ်နေသူတွေ အသိဆုံးပဲ။ ဒါ့အပြင် နိုင်ငံတကာက ပြည်ပြေးပေါင်းစုံကို သုံးလတစ်ကြိမ် ထောက်ပံ့မှုတွေလိုက်ပေးနေတဲ့ ပြည်ပြေးစိန်မြင့်ကရော ဘယ်အဖွဲ့ကို ကိုယ်စားပြုထားသူလဲ။

ပေါ်ဦးထွန်း

မြန်မာပြည်တွင်းက ပါတီနိုင်ငံရေးလောက နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ပြည်ပ ပယောဂမကင်းဘူးဆိုတာကို မင်းကိုယ်တိုင်သိသိကြီးနဲ့ ဝက်မိုက်မိုက်နေတာတွေရှိတယ်။ ဥပမာ မင်းတို့အုပ်စု လှုပ်ရှားမှုတွေကို ပြည်ပမီဒီယာတွေကတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင်လုပ်နိုင်ဖို့ ဘယ်အဖွဲ့အစည်း၊ ဘယ်လမ်းကြောင်းတွေ၊ ဘယ်လိုလူတွေနဲ့

ဘယ်နည်းဘယ်ပုံ အချိတ်
တွေအတိုင်း လုပ်နေကြ
နယ်ချဲ့လက်သစ်သူ
လက်တံရှည်ပြီး ဘယ်လိုရ
အချဉ်မှ မဟုတ်ဘဲကွာ။
တို့ကောင်တွေ ထောင်ထဲမှ
ချပြီး နှစ်ကိုယ်ကြားစက
ရေးလာကြသူ ဘာအဖွဲ့၊
တတ်တဲ့ ကိုယ်စားလှယ်ဆိ
မျိုးတွေ ပြောခဲ့ဖူးလဲ။

ဆိုလိုချင်တာက
သူလျှို ပိုက်ကွန်တွေဖြန့်ကြ
အစိုးရမဟုတ်တဲ့ အဖွဲ့အ
လမ်းကြောင်းကို တွန်းပို့
ကုလသမဂ္ဂလက်အောက်
ခြေပုန်းခုတ် နိုင်နေတယ်
အဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်
တွေအပေါ် စွက်ဖက်ဖိအ

အနီးကပ်ဆုံးနဲ့ အ
ပြည်ထောင်စုက Natio
(NED) ဆိုတဲ့ အဖွဲ့ကိုပဲ
တာက အမေရိကန် နိုင်ငံ
အမေရိကန်ကွန်ဂရက်က
ငွေကြေးအင်အားတောင့်
ပေးကြတယ်။

(NED)အဖွဲ့အနေနဲ့
တွေမှာ သန်းချီသုံးစွဲခဲ့တ
သောင်းကျန်းသူ အဖွဲ့အစ
မြန်မာပြည်ပြေး လက်သ
လုပ်ရပ်တွေ၊ မြန်မာနိုင်ငံ
နိုင်ငံတကာက မြန်မာနိုင်င
လာအောင် ဦးဆောင်ဦးရွ

- International
- National D
- Albert Eins
- Asian Info
- Human Rig
- Burma Wa
- Organizatio
oping Burm

ဆိုတဲ့အဖွဲ့တွေ၊
မှတ်တမ်းတွေအရ ပြော

မင်းတို့ လက်သုံးစကားဖြစ်တဲ့ ပြည်သူလူထုဆိုတဲ့စကားကိုပဲ ပြန်သုံးပြီးပြောကြစ
စိတ်ထဲက တိုင်းပြည်နဲ့ လူမျိုး ကောင်းစားစေချင်တဲ့ စိတ်စေတနာအပေါ် ဘာမှသံသယ
လူထုအတွက် မင်းတို့ရဲ့ လုပ်ဆောင်ချက်တွေက သံသယဝင်စရာတွေ ဖြစ်နေတယ်။ မင
နေတယ်ဆိုရင်တော့ မြန်မာပြည်အပြင်ဘက်ထွက်ပြီး တည်ဆဲအစိုးရဆန့်ကျင်ရေး
လိုက်ပါ။ မင်းကိုယ်မင်း ဘယ်နှလခံ နိုင်ငံရေးသမားလဲဆိုတာကို မင်းကောင်းကောင်းသ
လိမ့်မယ်။ မယုံရင်သွားကြည့်လိုက် သူငယ်ချင်း။ ဆင်ဖမ်းမယ် ကျားဖမ်းမယ်ဆိုပြီး ထွက်
မိုးသီးဇွန်လဲ နောက်ဆုံးတော့ အမေရိကန်မှာ ပြည်ပြေးဘဝနဲ့ ဂိတ်ဆုံးရတာပဲ မဟုတ်

ဝဏ္ဏမင်းခေါင်

ဘယ်နည်းဘယ်ပုံ အချိတ်အဆက်လုပ်နေတယ်။ ဘယ်လိုလမ်းညွှန်မှုတွေအတိုင်း လုပ်နေကြတယ်ဆိုတာကို မင်းအသိဆုံးပဲ။

နယ်ချဲ့လက်သစ်သူလျှိုဆိုတဲ့ကောင်တွေ ဘယ်လောက်ခြေတံလက်တံရှည်ပြီး ဘယ်လိုရုပ်ဖျက်ပုံဖျက်ကောင်းသလဲဆိုတာကို မင်းလဲ အချဉ်မှ မဟုတ်ဘဲကွာ။ ထောင်ထဲမှာကတည်းက သိနေတာပဲ။ တို့ကောင်တွေ ထောင်ထဲမှာရှိခဲ့စဉ်က သရက်ပင်အောက်မှာ ခုံနှစ်လုံးချပြီး နှစ်ကိုယ်ကြားစကားတွေပြောခဲ့ကြတဲ့ ထောင်ထဲကိုလေ့လာရေးလာကြသူ ဘာအဖွဲ့၊ ညာအဖွဲ့က မြန်မာစကား မွတ်နေအောင်တတ်တဲ့ ကိုယ်စားလှယ်ဆိုတဲ့ကောင်တွေ မင်းတို့ ငါတို့ကို ဘာစကားမျိုးတွေ ပြောခဲ့ဖူးလဲ။

ဆိုလိုချင်တာက နေရာတကာမှာ နယ်ချဲ့လက်သစ်တွေရဲ့ သူလျှို ပိုက်ကွန်တွေဖြန့်ကြက်ထားနိုင်တယ်ဆိုတဲ့ အချက်ပဲ။ သူတို့က အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေထဲကို စိမ့်ဝင်ပြီး သူတို့လိုရာ လမ်းကြောင်းကို တွန်းပို့နိုင်ရုံတင်မဟုတ်ဘူး လွှမ်းမိုးထားနိုင်သလို ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေရဲ့ နောက်ကွယ်မှာလဲ ခြေပုန်းခုတ် နိုင်နေတယ်။ ဒါတင်မကဘူး၊ အစိုးရနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်တွေကိုလဲ ချဉ်းကပ်စည်းရုံးပြီး ပစ်မှတ်နိုင်ငံတွေအပေါ် စွက်ဖက်ဖိအားပေးတာမျိုးတွေ လုပ်နိုင်ခဲ့တယ်။

အနီးကပ်ဆုံးနဲ့ အထင်အရှားဆုံးသာဓကကိုပြရရင် အမေရိကန်ပြည်ထောင်စုက National Endowment for Democracy (NED)ဆိုတဲ့ အဖွဲ့ကိုပဲကြည့်။ အဲဒီအဖွဲ့ကို အဓိက ကြိုးကိုင်ထားတာက အမေရိကန် နိုင်ငံခြားရေးဌာန။ ရန်ပုံငွေအတွက်ကိုကျတော့ အမေရိကန်ကွန်ဂရက်က အများဆုံးထောက်ပံ့ပေးထားပြီး အခြားသော ငွေကြေးအင်အားတောင့်တင်းတဲ့ NGO အဖွဲ့တွေက ဝိုင်းပြီးဒကာခံပေးကြတယ်။

(NED)အဖွဲ့အနေနဲ့ ရရှိလာတဲ့ ရန်ပုံငွေဒေါ်လာတွေကို ဘယ်နေရာတွေမှာ သန်းချီးသုံးစွဲခဲ့တယ်မှတ်လဲ။ နယ်စပ်မှာရှိတဲ့ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းပေါင်းစုံ အပါအဝင် နိုင်ငံတကာရောက် မြန်မာပြည်ပြေး လက်သစ်လက်ဟောင်းတွေရဲ့ တိုင်းဖျက်ပြည်ဖျက် လုပ်ရပ်တွေ၊ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး မတည်မငြိမ်ဖြစ်အောင်နဲ့ နိုင်ငံတကာက မြန်မာနိုင်ငံအစိုးအပေါ် ဖိအားပေး ဆန့်ကျင်မှုတွေလုပ်လာအောင် ဦးဆောင်ဦးရွက်လုပ်နေတဲ့

- International Republican Institute
- National Democratic Institute
- Albert Einstein Institute
- Asian Information Network
- Human Right Watch
- Burma Watch
- Organization of Peace and National Developing Burma Political Defiance Programme

ဆိုတဲ့အဖွဲ့တွေ၊ လုပ်ငန်းတွေမှာ ပုံအောအသုံးချခဲ့တယ်။ မှတ်တမ်းတွေအရ ပြောရရင် ၁၉၉၇ခုနှစ် ဇွန်လ ၂၄ ရက်နေ့မှာ

...န်သုံးပြီးပြောကြစတမ်းဆိုရင် မင်းတို့ရဲ့ ...ပေါ် ဘာမှသံသယမရှိပေမယ့် ပြည်သူ ... ဖြစ်နေတယ်။ မင်းကိုယ်မင်း သိပ်ထင် ...စိုးရဆန့်ကျင်ရေးအလုပ်ကို လုပ်ကြည့် ...းကောင်းကောင်းသဘောပေါက်သွားပါ ...မ်းမယ်ဆိုပြီး ထွက်သွားတဲ့ ဟိုကောင်ကြီး ...်ဆုံးရတာပဲ မဟုတ်ဘူးလား။

ကိုင်း–ပေါ်ဦးထွန်း

မင်းတို့အုပ်စုကတော့ အမျိုးသားရေးအတွက် လုပ်နေတာလို့ပြောနေပေမယ့် လက်တွေ့မှာတော့ ပြည်ပကဆရာကြီးတွေခင်းပေးတဲ့ လမ်းပေါ်မှာ သူတို့တီးပေးတဲ့ တီးကွက်တွေအတိုင်း လိုက်ကနေကြရတာပဲ မဟုတ်ဘူးလား။ ဒါကြောင့် မင်းတို့တစ်တွေရဲ့ လက်ရှိ လုပ်ဆောင်နေမှုတွေဟာ နိုင်ငံနဲ့လူမျိုးအတွက် လက်တွေ့အကျိုးရှိရဲ့လား၊ ရေရှည်မှာရော ကောင်းကျိုးပြုပါ့မလား၊ တိုင်းပြည်နဲ့ပြည်သူလူထုကို ဒုက္ခရောက်အောင် လုပ်ရာရောက်နေသလားဆိုတာ မင်းတို့ သဘာဝကျကျ စဉ်းစားတွေးခေါ်သုံးသပ်ပြီး အမှန်ကိုပြင်ဖို့ နောက်မကျသေးပါဘူး။ ပြင်မယ်ဆိုရင် အချိန်မီပါသေးတယ်။

ကျင်းပခဲ့တဲ့ အမေရိကန်အထက်လွှတ်တော် အစည်းအဝေးကနေ ၁၉၉၈ခုနှစ်ဘဏ္ဍာရေးနှစ်က စပြီး (NED)အဖွဲ့ကနေ တစ်ဆင့် မြန်မာအစိုးရဆန့်ကျင်ရေးအင်အားစုတွေကို နှစ်စဉ် ဒေါ်လာငါးသန်း ထောက်ပံ့ဖို့ ဆုံးဖြတ်ခဲ့တယ်။ တည်ဆဲအစိုးရကိုကျတော့ ပိတ်ဆို့အရေးယူမှုတွေလုပ်ပြီး တိုင်းဖျက်ပြည်ဖျက်တွေကျတော့ အဲဒီလို ရက်ရက်ရောရော ပေးကမ်းနေတာတွေဟာ မြန်မာပြည် ဒီမိုကရေစီရှင်သန်ထွန်းကားအောင် လုပ်တာလား။ မြန်မာပြည်သူတွေကို စေတနာထားတာလားကွာ။

(NED) အဖွဲ့ဟာ အဓိကနည်းဗျူဟာအဖြစ် တည်ဆဲအစိုးရဦးဆောင်နေတဲ့ မြန်မာနိုင်ငံကို နိုင်ငံရေးနဲ့ စီးပွားရေးအရ အထီးကျန်ဖြစ်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ဖိအားပေးမှုရရှိဖို့ ဦးဆောင်လမ်းညွှန်စည်းရုံးမှု ပေးတဲ့နည်းလမ်းကို ကျင့်သုံးဆောင်ရွက်နေတယ်။ အဲဒီကနေတစ်ဆင့် ပြည်ပြေးတွေ၊ ပြည်တွင်းက ပုဆိန်ရိုးတွေကို အမာခံထားပြီး ပြည်သူလူထုအတွင်း အထွေထွေမကျေနပ်မှုတွေကနေတစ်ဆင့် ဆူပူအုံကြွမှုတွေဖြစ်လာအောင် လှုံ့ဆော်တဲ့ နည်းလမ်းတွေကို စဉ်ဆက်မပြတ် ကွပ်ကဲ အကောင်အထည်ဖော်နေတယ်။ အကောင်အထည်ဖော်တဲ့ နေရာမှာလဲ–

- **အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကို နောက်ကွယ်က ကြိုးကိုင်ခြင်း**
- **တိုက်ရိုက်ကွပ်ကဲမှုရှိသောအဖွဲ့များကို ပါဝင်ဆောင်ရွက်စေခြင်း**
- **နိုင်ငံတကာမှ အထင်ကရ လူပုဂ္ဂိုလ်များကို ချဉ်းကပ်သိမ်းသွင်း ဆောင်ရွက်ခြင်း**
- **လက်ရွေးစင်များကို တာဝန်သတ်မှတ်ဆောင်ရွက်စေခြင်း**

ဆိုတဲ့ လုပ်နည်းလုပ်ဟန်တွေနဲ့ အကောင်အထည်ဖော်နေတာ။ ဒီလောက်ဆိုရင် ဒီကနေ့ ပြည်တွင်းပြည်ပက သံပြိုင်ညာသံပေးအော်နေတာတွေဟာ ဘာသဘောလဲဆိုတာကို မင်းစဉ်းစားလို့ရနိုင်မယ်ထင်တယ်။

လက်ရွေးစင်များကို တာဝန်သတ်မှတ် ဆောင်ရွက်စေခြင်းဆိုတာနဲ့ ပတ်သက်လို့ ပြောစရာရှိလာတာက မင်းတို့ဆရာတင်ထားတဲ့ အကြမ်းမဖက် နိုင်ငံရေးအန်တုမှု ဆရာကြီး Gene Sharp တို့၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူးဟောင်း Col: Robert L. Helvey တို့ အကြောင်းပဲ။

Col : Robert L. Helvey ရေးသားပြုစုခဲ့တဲ့ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲ အခြေခံအချက်အလက်များကို သုံးသပ်ခြင်း (On Strategic Nonviolent Conflict : Thinking About The Fundamentals) ဆိုတဲ့ စာအုပ်ကို မင်းဖတ်ပြီးလောက်ရောပေါ့။ မင်းတို့အလွယ်တကူဖတ်နိုင်အောင် Democratic Development Committee (NCGUB) က မြန်မာဘာသာပြန်ဆိုပြီး ပြည်တွင်းကို ဖြန့်ထားတယ်။ လမ်းညွှန်ချက်တွေပို့ပေးတဲ့ သဘောပါပဲ။ ကွန်နိုင်းဂရိုက်စ်အထိမ်းအမှတ် ရန်ပုံငွေအဖွဲ့ (Connine Grice Memorial Funds) က United States Institute of Peace (USIF) Grant SG-127-025 နဲ့ အညီ ဘာသာပြန်တည်းဖြတ် ထုတ်ဝေထားတဲ့အဲဒီ စာအုပ်မှာ

မိတ်ဆက်နိဒါန်း
အခန်း (၁) နိုင်ငံရေးအာဏာ သဘောတရား
အခန်း (၂) ထောက်တိုင်များ
အခန်း (၃) နာခံမှု
အခန်း (၄) အကြမ်းမဖက်တိုက်ပွဲ လုပ်ကိုင်ပုံ အဆင့်များနှင့် နည်းလမ်းများ
အခန်း (၅) ပြဿနာဖြေရှင်းခြင်း
အခန်း (၆) မဟာဗျူဟာမြောက် အကဲဖြတ် တွက်ချက်မှု
အခန်း (၇) စစ်ဆင်ရေးအစီအစဉ်ချရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ
အခန်း (၈) စိတ်ဓာတ်စစ်ဆင်ရေး
အခန်း (၉) မဟာဗျူဟာမြောက် စဉ်းစားခြင်း၏ အတွင်းသဘော
အခန်း(၁၀) ကြောက်ရွံ့ခြင်းများ
အခန်း(၁၁) ခေါင်းဆောင်မှု
အခန်း(၁၂) ရောထွေး ညစ်ညမ်းစေမှုများ
အခန်း(၁၃) ပြင်ပ ပရိသတ်ကို ဩဇာသက်ရောက်စေခြင်း
အခန်း(၁၄) အကြံပေးဆွေးနွေးမှုများနှင့် သင်တန်း

ဆိုတာတွေအပြင် နောက်ဆက်တွဲ အညွှန်းတွေလဲပါတယ်။ သေချာဖတ်ကြည့်လိုက်တော့မှ ဒီကနေ့ မင်းတို့လုပ်နေတာတွေအားလုံးဟာ အဲဒီစာအုပ်ထဲက လမ်းညွှန်ချက်တွေအတိုင်းဖြစ်နေတာကို တွေ့လိုက်ရတယ် ပေါ်ဦးထွန်းရေ။

အဲဒီစာအုပ်ရဲ့ နောက်ဆက်တွဲ(၂)မှာ အကြမ်းမဲ့ ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက်ပါအောင် စည်းရုံးဆွဲဆောင်သောနည်းလမ်းများဆိုပြီး ဖော်ပြထားချက်တွေထဲက စည်းကမ်းတကျ ကြေညာထုတ်ပြန်ချက်များဆိုတဲ့ ခေါင်းစဉ်အောက်မှာ–

- လူထုဟောပြောပွဲများပြုလုပ်ခြင်း
- ကန့်ကွက်စာများ၊ ထောက်ခံစာများ ထုတ်ပြန်ခြင်း
- အသင်းအဖွဲ့များအလိုက် ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်ခြင်း
- ပြည်သူလူထုက လက်မှတ်ရေးထိုးထားသော စာတမ်းများပေးပို့ခြင်း
- အရေးယူမည်၊ တရားစွဲမည်ဟူသော ကြေညာချက်များ ထုတ်ပြန်ခြင်း
- လူစုလူအုပ်နှင့်ချီပြီး တင်သွင်းသော အသနားခံစာများ၊ ပန်ကြားလွှာများ ထုတ်ပြန်ခြင်း

ဆိုတာတွေ ဖော်ပြထားတယ်။ နောက်တစ်ခါ လူထုအကြား ဟန်အမူအရာများနှင့် သရုပ်ဖော်ခြင်းများဆိုတဲ့ ခေါင်းစဉ်အောက်မှာလဲ–

- အလံများထူခြင်း၊ စာတန်းများ ချိတ်ဆွဲကိုင်ဆောင်ခြင်း၊ အရောင်အသွေးများနှင့် ပြသခြင်း
- အဝတ်အစားနှင့် အမှတ်တံဆိပ်လက္ခဏာများ ပြသခြင်း
- ဆုတောင်းဝတ်ပြုပွဲများပြုလုပ်ခြင်း

ဆိုတာတွေ ပါနေပြန်တယ်။ လက်ရှိ မင်းတို့လုပ်နေတာတွေကို စောင်းရေးထားတာတော့ မဖြစ်နိုင်ဘူးထင်ပါရဲ့။

ကိုင်း–ပေါ်ဦးထွန်း

မင်းတို့အုပ်စုကတော့ အမျိုးသားရေးအတွက် လုပ်နေတာလို့ပြောနေပေမယ့် လက်တွေ့မှာတော့ ပြည်ပကဆရာကြီးတွေခင်းပေးတဲ့ လမ်းပေါ်မှာ သူတို့တီးပေးတဲ့ တီးကွက်တွေအတိုင်း လိုက်ကနေကြရတာပဲမဟုတ်ဘူးလား။ ဒါကြောင့် မင်းတို့တစ်တွေရဲ့ လက်ရှိလုပ်ဆောင်နေမှုတွေဟာ နိုင်ငံနဲ့လူမျိုးအတွက် လက်တွေ့အကျိုးရှိရဲ့လား၊ ရေရှည်မှာရော ကောင်းကျိုးပြုပါ့မလား၊ တိုင်းပြည်နဲ့ပြည်သူလူထုကို ဒုက္ခရောက်အောင် လုပ်ရာရောက်နေသလားဆိုတာ မင်းတို့ သဘာဝကျကျ စဉ်းစား တွေးခေါ်သုံးသပ်ပြီး အမှန်ကိုပြင်ဖို့ နောက်မကျသေးပါဘူး၊ ပြင်မယ်ဆိုရင် အချိန်မီပါသေးတယ်။ ။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ကျောင်းတစ်ကျောင်းတွင် ကွန်ပျူတာဘာသာရပ် သင်ယူနေကြသူများကို ဇွန် ၁၀ ရက် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ယခုနှစ်တွင် ဗီယက်နမ် သစ်သားထည်တင်ပို့မှု မြင့်တက်မည်ဟုမျှော်မှန်း

ဟန္နွိုင်း ဇွန် ၁၃

ဗီယက်နမ်နိုင်ငံ၏ သစ်သားထည် တင်ပို့မှုသည် ယမန်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံဖိုး တင်ပို့ရာမှ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံဖိုး တိုးလာလိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံဖိုး နီးပါးရှိလာနိုင်ကြောင်း ဗီယက်နမ်နိုင်ငံ၏ သစ်သားနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်တင်ပို့ ရောင်းချရေးအသင်းက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ သစ်သားထည်တင်ပို့မှုမှာ နှစ်အလိုက်ယခုနှစ် ပထမငါးလတွင် ၂၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ဒေါ်လာ ၉၄၇ သန်းဖိုးရှိလာကြောင်း အဆိုပါအသင်းက ပြောကြားသည်။

တင်သွင်းခဲ့

ပြီးခဲ့သည့်နှစ်က ဗီယက်နမ်နိုင်ငံသည် သစ်ထုတ်လုပ်ရေးနှင့်ပတ်သက်သောပစ္စည်းမှာ အမေရိကန်ဒေါ်လာ ၇၁၆ သန်းဖိုး တင်သွင်းခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် အထပ်သားစက်ရုံ လေးရုံသာရှိကြောင်း သိရသည်။

အဓိကထုတ်လုပ်

ဗီယက်နမ်နိုင်ငံ၏ အဓိက သစ်သားထည် တင်ပို့ရောင်းချသောနိုင်ငံများမှာ ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်၊ တရုတ်(တိုင်ပေ) ဖြစ်ပြီး အဓိက ထုတ်လုပ်တင်ပို့ရောင်းချသော ပရိဘောဂ ပစ္စည်းများမှာ စားပွဲ၊ ကုလားထိုင်၊ ခုတင်၊ မတ်ရပ်ဗီရိုများ ဖြစ်ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးပျံ့နှံ့

ဒါကာ ဇွန် ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဒေသတစ်ခုမှ တစ်ခုသို့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ပျံ့နှံ့လာသဖြင့် လွန်ခဲ့သောနှစ်ရက်က ကြက်ကောင်ရေ ၃၀၀၀ ကို သုတ်သင်ခဲ့ကြောင်း တာဝန်ရှိသူများက ဇွန် ၁၀ ရက်တွင် ပြောကြားသည်။

ကူးစက်ခံရ

မြို့တော်ဒါကာ အနောက်မြောက်ဘက် မိုင် ၂၈၀ အကွာ ဒီနက်ပါခရိုင်ရှိ မွေးမြူရေးခြံတစ်ခြံ၌ ကြက်များရောဂါ ကူးစက်ခံရကြောင်း အဆိုပါ တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ်လမှစ၍ ဒါကာမြို့အနီး မွေးမြူရေးခြံခြောက်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး ပထမဆုံး ကျရောက်ခဲ့ရာမှ ခရိုင် ၁၂ ခရိုင်အတွင်းရှိ ကြက်ခြံ ၆၂ ခြံ၌ ကြက်ဥတစ်သန်းခွဲနှင့် ကြက်များသုတ်သင်ဖျက်ဆီးခဲ့ရာ ယခုအခါ သုတ်သင်ပြီး ကြက်ကောင်ရေ ၁၆၀၀၀၀ ရှိသွားပြီဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျပန်နိုင်ငံ အနောက်ပိုင်း၌ လျှင်လှုပ်

တိုကျို ဇွန် ၁၃

ဂျပန်နိုင်ငံအနောက်ပိုင်း အီရှီကာဝါစီရင်စု၌ ဇွန် ၁၁ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၅ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်သည် ဇွန် ၁၁ ရက် နံနက် ၃ နာရီ ၄၅ မိနစ်တွင် လှုပ်သွားခဲ့ရာ ပျက်စီးဆုံးရှုံးမှု သတင်းမရရှိ သေးကြောင်း၊ ယင်းငလျင်သည် ဆူနာမီ ဖြစ်ပေါ်နိုင်ဖွယ်မရှိကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

ထပ်မံဖြစ်ပွား

၎င်းဒေသအနီးဝန်းကျင်၌ ဇွန် ၁၁ ရက် နံနက် ၄ နာရီ ၂၃ မိနစ်တွင် ရစ်ချ်တာစကေး ၃ ဒသမ ၁ အဆင့်ရှိ ငလျင်နှင့် နံနက် ၆ နာရီ ၂၇ မိနစ်တွင်ရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ ငလျင်များ ထပ်မံဖြစ်ပွားခဲ့သည်။

ပြီးခဲ့သည့် မတ်လအတွင်းက အီရှီကာဝါဒေသနှင့်အနီးဝန်းကျင်ဒေသများ၌ ရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ တစ်ဦးသေဆုံးခဲ့ပြီး ၂၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗန်ကောက်၌ ဗုံးတစ်လုံးတွေ့ရှိ

ဗန်ကောက် ဇွန် ၁၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဂေါက်ကွင်းတစ်ခုအနီး ဇွန် ၁၂ ရက် နံနက်ပိုင်းက ဗုံးတစ်လုံးတွေ့ရှိခဲ့ရာ ဗုံးကျွမ်းကျင်သူများက ၎င်းဗုံးကို ဖျက်ဆီးပစ်လိုက်ကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသို့ ပြောကြားသည်။

ဖျက်ဆီး

ယင်းဗုံးအတွင်း သံတိုသံစများ ပြည့်နေကြောင်း၊ ၎င်းကို ဗန်ကောက်ဂေါက်ကွင်းအနီး အမှိုက်ပုံးအတွင်းမှ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းဗုံးကို ဗုံးကျွမ်းကျင်သူများက ရေသေနတ်သုံး၍ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လက်ဖက်စိုက်ပျိုးရေးလုပ်ကိုင်သည့် အဘွားနှစ်ဦး အသက်အကြီးဆုံး မိုးပျံပူဖောင်းစီးသူများဖြစ်လာ

ချန်ဒူး ဇွန် ၁၃

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်မှ အသက် ၁၀၄နှစ်ရှိ လက်ဖက်စိုက်ပျိုးသည့် အဘွားနှင့် အသက် ၉၉ နှစ်ရှိ ၎င်း၏သူငယ်ချင်းတို့သည် ကမ္ဘာ့အသက်အကြီးဆုံး မိုးပျံပူဖောင်းစီးသူများ ဖြစ်လာကြသည်။

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ချောင်ကျိုးမြို့တွင် ကျင်းပသော ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသသည့် အလှမယ်တစ်ဦးအား ဇွန် ၁၀ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါ မိုးပျံပူဖောင်းစီးကြသည့် အဘွားနှစ်ဦး၏အမည်မှာ ရန်ကျန်ရှီနှင့် ၎င်း၏ငယ်သူငယ်ချင်း နီကျင်းလျန်တို့ ဖြစ်သည်။

ဂင်းနက်စ်မှတ်တမ်းဝင်

၎င်းတို့နှစ်ဦးသည် လွန်ခဲ့သော သီတင်း ၁၀ ပတ်က စီချွမ်ပြည်နယ်ရှိ တောင်တစ်တောင်မှ ၎င်းတို့နေထိုင်သော ကျေးရွာသို့ မိုးပျံပူဖောင်းစီး၍ မိနစ် ၃၀ ကြာ ပျံသန်းခဲ့ကြသဖြင့် ဇွန် ၉ ရက်က ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်း ဝင်ခဲ့သည်။

လက်ဖက်စိုက်ပျိုး

မိမိတို့သည် ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက တောင်တန်းများပေါ်တွင် လက်ဖက်စိုက်ပျိုးခဲ့ကြကြောင်း၊ ယခုကဲ့သို့ မိုးပျံပူဖောင်းစီးရလိမ့်မည်ဟု အိပ်မက်တောင်မမက်ခဲ့ဘူးကြောင်း အဘွားရန်က ပြောကြားသည်။

ကျန်းမာရေးအကောင်းဆုံး

ရန်နှင့် နီတို့သည် ဟိုင်ဘော်တောင်၌ အသက် ၈၅နှစ်ကျော် လက်ဖက်စိုက်တောင်သူ ၁၃၀၀တွင် ကျန်းမာရေး အကောင်းဆုံးသူများ ဖြစ်ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယမြောက်ပိုင်း၌ ဈေးအမိုးပြိုကျ ငါးဦးသေဆုံး

နယူးဒေလီ ဇွန် ၁၃

အိန္ဒိယနိုင်ငံမြောက်ပိုင်း ချန်ဒီဂါ့ချ်မြို့ရှိဈေးတစ်ဈေးတွင် ဇွန် ၁၀ရက်က ကွန်ကရစ်ခေါင်မိုးပြိုကျရာ အနည်းဆုံး လူငါးဦးသေဆုံးပြီး ၂၀၀ နီးပါး ယင်းအမိုးအောက်တွင် ပိတ်မိနေခဲ့ကြောင်း အိန္ဒိယရုပ်မြင်သံကြားဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

ကယ်ဆယ်

မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့်အခြားဌာနများဖြင့် ဖွဲ့စည်းထားသော ကယ်ဆယ်ရေးအဖွဲ့က ပိတ်မိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ဆေးရုံပို့

ဒဏ်ရာရရှိသူများအား ဆေးရုံများသို့ အလျင်အမြန် ပို့ဆောင်ခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။ ၎င်းတို့ အားလုံးစိုးရိမ် ရသောအခြေအနေမရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကွာလာလမ်ပူ၌ မုန်တိုင်းတိုက်ခတ် ခြောက်ဦး ဒဏ်ရာရရှိ

ကွာလာလမ်ပူ ဇွန် ၁၃

ဇွန် ၁၀ရက်ညပိုင်းက တိုက်ခတ်ခဲ့သောမုန်တိုင်းကြောင့် ကွာလာလမ်ပူမြို့၌ ရေကြီးမှုဖြစ်ပေါ်ကာ ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက ရေးသားဖော်ပြသည်။ **(ယာပုံ)**

ဒဏ်ရာရ

မုန်တိုင်းတိုက်ခတ်စဉ် သစ်ကိုင်းကျိုးကျခဲ့သဖြင့်နှစ်ဦးဒဏ်ရာရခဲ့ကြောင်း၊ အခြားလေးဦးမှာ ဘတ်စ်ကားတစ်စီး ရေကြီးနေသောနေရာသို့ အရှိန်ဖြင့် ဖြတ်မောင်းသွားရာ ရေလုံးက အနီးဝန်းကျင်ရှိ စားသောက်ဆိုင်မှန်ကိုထိမှန်ခဲ့၍ မှန်ကွဲကျကာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ စုံစမ်းစစ်ဆေးရေးဌာနမှ မှုခင်းရေးရာကိစ္စရပ်များ မှတ်တမ်းတင်ဆောင်ရွက်နေသည်ကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်ရှိ အာရှဖြတ်ကျော် မီးရထားလမ်းအစိတ်အပိုင်း တရုတ်မှ လေ့လာမှုများပြုလုပ်နေ

ဟန္နိုင်း ဇွန် ၁၃

အာရှဖြတ်ကျော် မီးရထားလမ်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ဗီယက်နမ်နိုင်ငံ ဘင်ဖူပြည်နယ်နှင့် ဟိုချီမင်းမြို့များသို့ ဆက်သွယ်ဖောက်လုပ်မည့် ရထားလမ်းပိုင်း တည်ဆောက်ရေးလုပ်ငန်းအတွက် တရုတ်နိုင်ငံမှ ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းနှစ်ခုတို့က လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း ဆိုင်ဂုံလီဘီရေးရှင်း သတင်းစာ၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တောင်ပိုင်းမှ ဗီယက်နမ်-ကမ္ဘောဒီးယားနယ်စပ်အထိ အရှည် ၁၂၈ ဒသမ ၅ ကီလိုမီတာရှည်သည့် မီးရထားလမ်းဖောက်လုပ်ရေးကို တရုတ်နိုင်ငံမှ ရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းနှစ်ခုနှင့် ဗီယက်နမ်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနတို့ ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။ အဆိုပါ မီးရထားလမ်းပိုင်း ဖောက်လုပ်ရေးစီမံကိန်းသည် အမေရိကန် ဒေါ်လာ ၄၃၈ သန်းခန့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားရမည်ဖြစ်သည်။

မီးရထားလမ်းဖောက်လုပ်မှုကို ၂၀၁၀ ပြည့်နှစ်၌ စတင်မည်ဖြစ်ပြီး ထိုရထားလမ်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ နှင့် ကီလိုမီတာ ၈၀ အကြား ခုတ်မောင်းနိုင်ရန် တည်ဆောက်ပေးရမည်ဖြစ်သည်။

မျှော်မှန်းထား

အာရှဖြတ်ကျော် မီးရထားလမ်းသည် အရှည်ကီလိုမီတာ ၅၅၀၀ ခန့်ရှိရာ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ စတင်ကာ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မလေးရှားတို့ကို ဖြတ်သန်း၍စင်ကာပူအထိရောက်ရှိမည်ဖြစ်သည်။ ထိုအာရှဖြတ်ကျော်မီးရထားလမ်း ဖောက်လုပ်မှုသည် လာမည့် ၂၀၁၅ခုနှစ်၌ ပြီးဆုံးမည်ဟု မျှော်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနှင့်ပါကစ္စတန်၌ အပူလှိုင်းကျရောက် ၁၂၀ ကျော် သေဆုံးခဲ့ဟုဆို

နယူးဒေလီ ဇွန် ၁၃

လွန်ခဲ့သော သီတင်းပတ်ကျော်က အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် ပါကစ္စတန်နိုင်ငံတို့တွင် အပူလှိုင်းကျရောက်မှုကြောင့် လူပေါင်း ၁၂၀ကျော် သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများနှင့် မီဒီယာများက ဇွန် ၁၁ ရက်တွင် ဖော်ပြသည်။

သေဆုံးသူအများစုမှာ တောင်းရမ်းစားသောက်သူများ၊ အိုးမဲ့အိမ်မဲ့များနှင့်နေပူထဲတွင် အလုပ်လုပ်ကြသူများသည် အပူလျှပ်ခြင်းကြောင့် သေဆုံးခဲ့ရသည်။

အိန္ဒိယနိုင်ငံတွင် ယင်းအပူလှိုင်း ကျရောက်မှုကြောင့် ၇၄ ဦးသေဆုံးခဲ့ကြောင်း၊ အပူလှိုင်းကျရောက်ရာ ဒေသများတွင် ရာဂျပ်စတန် ပြည်နယ်နှင့် ဥတ္တရပရာဒေ့ရှ်ပြည်နယ်များ ပါဝင်ကြောင်းသိရသည်။

ယင်းအပူလှိုင်းသည် အိမ်နီးချင်း ပါကစ္စတန်နိုင်ငံသို့လည်း ကျရောက်ခဲ့ရာ လွန်ခဲ့သော လေးရက်အတွင်း လူ ၅၀ ကျော်သေဆုံးခဲ့သည်ဟု ဆိုသည်။

အမြင့်ဆုံးအပူချိန်မှာ ဇွန် ၁၀ ရက်က ပါကစ္စတန်နိုင်ငံ ဘာလူချစ်စတန်ပြည်နယ်၌ ၁၂၅ ဒသမ ၆ ဖာရင်ဟိုက်ရှိပြီး အိန္ဒိယနိုင်ငံ၌ ဇွန် ၉ ရက်က ၁၂၀ ဖာရင်ဟိုက် ရှိသည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

လက်ဘနွန်တပ်ဖွဲ့ဝင်နှင့် ဖာတာလက်နက်ကိုင်များပစ်ခတ်မှု ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

နာအယ်ဘာရတ် ဇွန် ၁၃

လက်ဘနွန်နိုင်ငံရှိ ပါလက်စတိုင်း ဒုက္ခသည်များစခန်း၌ လက်နက်ကိုင် စစ်သွေးကြွများနှင့် လက်ဘနွန် တပ်ဖွဲ့ဝင်များအကြား ဇွန် ၁၁ ရက်က ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။

လက်ဘနွန် တပ်ဖွဲ့ဝင်များနှင့် ဖာတာလက်နက်ကိုင် စစ်သွေးကြွများအကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုတွင် လက်ဘနွန် ကြက်ခြေနီ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်တပ်ဖွဲ့က ပြောကြားသည်။

ထောက်ပံ့ပေး

လက်ဘနွန်ကြက်ခြေနီ တပ်ဖွဲ့ဝင်များသည် နိုင်ငံတကာမှ ကယ်ဆယ်ရေးအေဂျင်စီများနှင့်အတူ ဆေးဝါးနှင့် အစားအစာများကို နေ့စဉ်ကူညီထောက်ပံ့ပေးလျက်ရှိသည်။

ထိခိုက်ဒဏ်ရာရ

ထို့အပြင် ယခုပစ်ခတ် တိုက်ခိုက်မှုများကို အဆုံးသတ်ရန်အတွက် စေ့စပ်ဆွေးနွေးရန် ကြိုးစားနေသော ပါလက်စတိုင်း ဖျန်ဖြေသူတစ်ဦး လည်း ပစ်ခတ်ခံရမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

အာရှဒေသတွင် ရေနံသုံးစွဲမှု အနာဂတ်ကာလ၌ မြင့်တက်လာမည်

ကွာလာလမ်ပူ ဇွန် ၁၃

အာရှဒေသတွင်း နိုင်ငံများအနေဖြင့် အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် စွမ်းအင်သည် အဓိကကျလာကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီက ဇွန် ၁၁ ရက်၌ ပြောကြားလိုက်သည်။

ပြောကြား

လာမည့် ၂၀၃၀ ပြည့်နှစ်ကျော်ကာလများတွင် စွမ်းအင်လိုအပ်မှုမှာ တစ်ကမ္ဘာလုံး၌ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ၎င်းမှာ စီးပွားရေးတိုးတက်ရန် ကြိုးစားအားထုတ်လာမှုများကြောင့်ဖြစ်ကြောင်း ဘာဒါဝီက ဆက်လက်ပြောကြားသည်။

မလေးရှား ဝန်ကြီးချုပ် ဘာဒါဝီအနေဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာရှရေနံနှင့် သဘာဝဓာတ်ငွေ့နှစ်ပတ်လည် ညီလာခံ၌ အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အာရှဒေသတွင် တရုတ်နှင့် အိန္ဒိယတို့မှာ စီးပွားရေးတိုးတက်မှုများကြောင့် စွမ်းအင်သုံးစွဲမှုတွင် များပြားလာမည့် နိုင်ငံများဖြစ်ကြောင်း မလေးရှား ဝန်ကြီးချုပ် ဘာဒါဝီက ဆက်လက်ပြောကြားသည်။

အာရှဒေသ၌ စွမ်းအင်သုံးစွဲမှုမှာ နှစ်စဉ် ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာလျက်ရှိကြောင်းလည်း ၎င်းကပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အမြင့်ဆုံးခုန်ပြီး စွမ်းရည်ပြ

မြေပြင်မှ အမြင့်ဆုံး ခုန်ကာ စွမ်းရည်ပြသနေသူ တစ်ဦးအား တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ရှန်ယန်မြို့တွင် တရုတ်နိုင်ငံသားတစ်ဦးက စပရိန်တပ်ထားသော အားကစားဖိနပ် စီးကာ မြေပြင်မှ အမြင့်ဆုံး အကွာအဝေးရောက်အောင်ခုန်၍ စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ထိုင်းတောင်ပိုင်း၌ နှစ်ဦး ပစ်သတ်ခံရ

ဗန်ကောက် ဇွန် ၁၃

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ် ပြည်နယ်တွင် ဇွန်၁၁ရက်က သေနတ်သမားများ ပစ်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း သည်နေရှင်းသတင်းစာ၌ ဖော်ပြသည်။

ဖော်ပြ

အခင်းဖြစ်ပွားမှုမှာ ဇွန် ၁၁ ရက် မွန်းလွဲ ၁၂နာရီ ၁၀မိနစ်ခန့်က သေနတ်သမားများ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြထားသည်။

ပစ်ခတ်ခံ

ထိုလူနှစ်ဦးမှာ နေ့လယ်စာစားသုံးနေစဉ် သေနတ်သမားများရောက်ရှိလာပြီး ပစ်ခတ်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်ပွားလျက်ရှိ

ထိုင်းနိုင်ငံမြောက်ပိုင်း ပြည်နယ်သုံးခုဖြစ်သည့် နာရာသီဝပ်၊ ယာလာနှင့် ပတ္တနီပြည်နယ်များတွင် တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အရှည်ဆုံး မင်္ဂလာဝတ်စုံ

အရှည်ဆုံး မင်္ဂလာဝတ်စုံ ဝတ်ဆင်ပြီး မော်တော်ယာဉ်ဖြင့် လှည့်လည် ပြသနေသည်ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံတောင်ပိုင်း ဂိုင်ကျိုပြည်နယ် ဂိုင်ယန်မြို့တွင် မင်္ဂလာပွဲဆင်နွဲရန် သတို့သမီးဝတ်ဆင်ထားသော မင်္ဂလာဝတ်စုံအရှည်မှာ ၂၈ မီတာ ရှိကြောင်း သိရသည်။ အဆိုပါ မင်္ဂလာမောင်နှံသည် မော်တော်ယာဉ်ဖြင့် ဂိုင်ယန်မြို့အတွင်း လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

(အင်တာနက်)

14-6 (11) 1 6/13/07, 2:21 PM

■ *ကျောဖုံးမှ*

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများက ပြိုင်ပွဲနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးအကြံပြုကြသည်။ ထို့နောက် အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲနှင့် ပထမတန်းကွင်းဖွင့် ဖလားဘောလုံးပြိုင်ပွဲတို့အတွက် အုပ်စုပွဲစဉ်များကို မဲနှိုက်ရေးဆွဲသည်။

ကြိုတင်နေရာချ

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ အတွက် ပြိုင်ပွဲဝင် ၁၄သင်းကို လေးသင်းနှစ်အုပ်စုနှင့် သုံးသင်းနှစ်အုပ်စု စုစုပေါင်း အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်ရေးဆွဲရာ၌ ယမန်နှစ်ဘောလုံးရာသီကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသော စီးပွား/ကူးသန်း၊ ပို့ဆောင်ရေး၊ ဘဏ္ဍာ/အခွန်နှင့်မြို့တော်စည်ပင်အသင်းတို့ကို အုပ်စုတစ်စုစီတွင် ကြိုတင်နေရာချထားပြီး ကျန်အသင်းများကို မဲနှိုက်၍နေရာချထားခြင်းဖြစ်သည်။

ပါဝင်ကြ

အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ အုပ်စု(က)တွင် စီးပွား/ကူးသန်းအသင်း၊ Royal Eleven အသင်း၊ ပြည်ထဲရေးအသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ အုပ်စု(ခ)တွင် ပို့ဆောင်ရေးအသင်း၊ တပ်မတော်(ကြည်း) အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ အုပ်စု(ဂ)တွင် ဘဏ္ဍာ/အခွန်အသင်း၊ စွမ်းအင်အသင်း၊ ကမ္ဘောဇအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ အုပ်စု (ဃ)တွင် မြို့တော်စည်ပင်အသင်း၊ သစ်တောရေးရာအသင်းနှင့် မြန်မာ့မီးရထားအသင်းတို့ ပါဝင်ကြသည်။

Royal Eleven အသင်းနှင့် တပ်မတော် (ကြည်း) အသင်းသည် ယခုနှစ် ဘောလုံးရာသီ၌ အဆင့်မြင့်တန်းသို့ အတန်းတက်ပြီး ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပွဲဦးထွက်ပွဲစဉ်အဖြစ် ဇွန် ၁၆ ရက် ညနေ ၄ နာရီတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ Royal Eleven အသင်းနှင့် ပြည်ထဲရေးအသင်းတို့ယှဉ်ပြိုင် ကစားကြရမည်ဖြစ်သည်။

ငါးသင်းစီပါဝင်

ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ အတွက် ပြိုင်ပွဲဝင် ၁၀သင်းကိုငါးသင်းစီပါဝင်သော အုပ်စုနှစ်စုခွဲ၍ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲရာ၌ ယမန်နှစ်ဘောလုံးရာသီတွင် အဆင့်မြင့်တန်းမှ အတန်းဆင်းခဲ့ရသော လျှပ်စစ်စွမ်းအားအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်းတို့ကို အုပ်စုတစ်စုစီ၌ ကြိုတင်နေရာချထားပြီး ကျန်အသင်းများကို မဲနှိုက်၍ နေရာချထားခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်

အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ အုပ်စု(က)တွင် လျှပ်စစ်စွမ်းအားအသင်း၊ သတ္တုတွင်းအသင်း၊ Golden Hill Tower အသင်း၊ Viva အသင်းနှင့် Sara အသင်း၊ အုပ်စု(ခ)တွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်း၊ တပ်မတော်(ရေ)အသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း၊ တပ်မတော်(လေ)အသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ပါဝင်ကြသည်။

ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၁၈ရက် ညနေ ၄နာရီမှ စတင်၍ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

ကျိုက်ဝိုင်းစေတီတော် စောင်းတန်းတော် တည်ဆောက်ရေးပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ပုဇွန်တောင်မြို့နယ် (၄၉)လမ်း အမှတ် (၁၀၀)နေ ဖခင် ဦးတင်လှ(ခ)ဦးတိတ်ဟုန်းအားရည်စူး၍ မိခင် ဒေါ်ရှုအင်၊ သား ဦးကျော်ထွန်း(ကြည်နီဆန်ပွဲရုံ) ဘုရင့်နောင်မိသားစုက ကျပ် ၂၀၀၀၀၀ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးလှိုင်၊ ဦးဘချိုတို့မှ ဂုဏ်ပြုမှတ်တမ်းကို အလှူရှင်သို့ ပြန်လည်ပေးအပ်သည်။ **(အပေါ်ယာပုံ)**

လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း– ၆၆၀၀၀၆ နှင့် ၇၁၀၇၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရေနံချောင်းမြို့ အထက(၁) ကျောင်းဆောင်သစ်ဆောက်ရန်အလှူငွေပေးအပ်

နေပြည်တော် ဇွန် ၁၃

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ ဒါယိကာမများက ဆရာတော်ပညာ သင်ကြားခဲ့ရာဇာတိ ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပေ၁၂၀ X၃၆ပေ နှစ်ထပ် သံကူကွန်ကရစ် စာသင်ခန်းရှစ်ခန်းပါ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကို ဇွန်၇ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ဆရာတော် အရှင်ဆန္ဒာဓိကက မတည်ငွေကျပ်သိန်း၅၀၀၊ ဦးဝင်းရှိန်–ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး)က ငွေကျပ်သိန်း၁၀၀၊ အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားနေ ဒေါက်တာ မင်းသိန်းသောင်း၊ ဒေါက်တာဒေါ်ခင်နွယ်ဝင်းမိသားစုတို့က အမေရိကန်ဒေါ်လာ ၁၀၀၀၊ မိတ်ဆွေကောင်း နာရေးကူညီမှုအသင်းက ငွေကျပ်တစ်သိန်း၊ ရေနံချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ တပည့်များက ငွေကျပ်တစ်သိန်းတို့ကို ဆရာတော်အရှင် ဆန္ဒာဓိကရှေ့မှောက်၌ ပေးအပ်လှူဒါန်းကြရာ ကျောင်းဆောင် တည်ဆောက်မှုကော်မတီနာယက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က လက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၆–၂၀၀၇ (ကြာသပတေးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ အပါယ်လေးပါးလွတ်ဖို့ အရေးကြီးတယ်တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၈း၀၅ တေးဂီတအစီအစဉ်
- ၈း၁၀ ကြိုဆိုလျက်ပါ(မင်းထက်ကျော်ဇင်၊ ငှက်ပျောကြော်၊ နေယံ၊ မိုးယံဇွန်၊ နေထူးနိုင်၊ နန်းဆုရတီစိုး၊ ဇင်ဇင်ဇော်မြင့်၊ သင်ဇာဝင့်ကျော်) [ဒါရိုက်တာ–အောင်မိုး(Paris)]
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ ယနေ့သိပ္ပံနည်းပညာ
- ၈း၃၅ တေးဂီတအစီအစဉ်
- ၈း၄၀ ပီတိသုခမြတ်ဒါန
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ ကြည်ညိုဖူးမြော် ရှင်ပင်စက္ကိန်းတဲစေတီတော်
- ၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၅ တေးဂီတအစီအစဉ်
- ၉း၂၀ ပြည်တွင်းအနုပညာရေးရာ
- ၉း၅၀ တေးဂီတအစီအစဉ်
- ၉း၅၅ ရွှေထည်ပြုလုပ်ခြင်းအနုပညာ
- ၁၀း၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၅ Yangon Panorama (မေတ္တာဗျူဟာအဖွဲ့၏ မေတ္တာသွေးလှူပွဲ)
- ၁၀း၂၅ တေးဂီတအစီအစဉ်
- ၁၀း၃၀ ထင်ရှားဖူးမြော် ကျုံမငေးမြို့မှ မြတ်စွယ်တော်
- ၁၀း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅ သွားမယ်၊ စားမယ် (Cafe Seasons Restaurant & Bar)
- ၁၁း၃၀ မိုးလေဝသခန့်မှန်းချက်
- ၁၁း၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ (သွေးလှူဒါန်းခြင်းဆိုင်ရာ သိကောင်းစရာများ) (ရန်ကုန်မြို့အမျိုးသားသွေးဌာနမှ တာဝန်ခံ ဒေါက်တာသီတာအောင်နှင့် တွေ့ဆုံခြင်း)
- ၁၂း၀၀ တေးဂီတအစီအစဉ်
- ၁၂း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၁၀ သဲသောင်ပြင်ဘောလုံး
- ၁၂း၄၅ ကွက်လပ်ဖြည့်ပါ (ထွန်းထွန်း၊ ရဲလေး၊ သက်အောင်၊ ဖြိုးမောင်၊ မိုးပြည့်ပြည့်မောင်၊ သဇင်၊ ဒေါ်တင်တင်လှ) [ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)]
- ၁၂း၅၀ သစ်သီးပင်မျိုးပွားနည်းများ
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် နယုန်လကွယ်နေ့
(ဥပုသ်နေ့)
၁၄–၆–၂၀၀၇ရက်(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၅ ၆။ အကပဒေသာ
- ၈း၃၀ ၇။ International News
- ၈း၄၅ ၈။ Let's Go
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
- ၁၇း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇း၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇း၄၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈း၀၀ ၉။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၁။ သီရိဂေဟာ
- ၁၉း၀၀ ၁၂။ အပြောကတွေ့ဆုံဆွေးနွေးရေး၊ အလုပ်က ၉၀ပြည့်နှစ်ရလဒ်အကောင်အထည်ဖော်ရေး၊ လူထုဆူပူအုံကြွရေး
- ၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေရောင်သန်းသော အသည်းနှလုံး** (အပိုင်း–၁၀)
- ၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း–၁၁)
- ၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ကမ္ဘာ့တစ်ဝန်းအယ်လ်ဇိုင်းမားရောဂါသည်ဦးရေ ၂၀၅၀ ပြည့်နှစ်တွင် သန်း ၁၀၀ ကျော်ရှိမည်ခန့်မှန်း

အယ်လ်ဇိုင်းမားခေါ် အကြိုဇရာရောဂါဖြစ်ပွားနေသူ လောလောဆယ် ကမ္ဘာတစ်ဝန်းတွင် ၂၆ ဒသမ ၆ သန်းရှိပြီး ၂၀၅၀ပြည့်နှစ်၌ အယ်လ်ဇိုင်းမားရောဂါရှင် သန်း ၁၀၀ ကျော်အထိ တိုးပွားလာမည်ဖြစ်ကြောင်း သုတေသီများက ဆန်းစစ်ခန့်မှန်းသည်။

အဆင့်မြင့်ကုသ

ထိုအချိန်တွင် ဝေဒနာရှင် သန်း ၁၀၀ ကျော်အနက် ၄၀ ရာခိုင်နှုန်းမှာ ဘိုးဘွားရိပ်သာများကဲ့သို့သော နေရာများတွင် အဆင့်မြင့်ကုသမှုပေးရန် လိုအပ်သည့် နောက်ဆုံးအဆင့် ရောဂါဖြစ်ပွားသူများ ဖြစ်လိမ့်မည်ဟု သုတေသီများက ပြောဆိုသည်။

တွေ့ရှိချက်

အယ်လ်ဇိုင်းမားခေါ် အကြိုဇရာရောဂါ ဖြစ်ပွားသူဦးရေတိုးနှုန်းမှာ ကြောက်စရာ ကောင်းသည့် နှုန်းဖြစ်ကြောင်း၊ ဤသည်ကို အကြောင်းပြု၍ ငွေရေးကြေးရေးကုန်ကျမှုနှင့် ပုဂ္ဂိုလ်ရေး ဆုံးရှုံး နစ်နာစရိတ်မှာ ကမ္ဘာ့စီးပွားရေးအပေါ် ရိုက်ခတ်ပျက်သုဉ်းမှု ရှိလာနိုင်ကြောင်း ဆန်းစစ်ဖော်ပြထားပြီး၊ ဝါရှင်တန်၌ တနင်္ဂနွေနေ့ ပြုလုပ်မည့် အယ်ဇိုင်းမားအသင်းညီလာခံတွင် တွေ့ရှိချက်များကို တင်ပြမည်ဖြစ်ကြောင်း သိရသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အစ္စရေးဝန်ကြီးချုပ်ဟောင်း ရှီမွန်ပီရက်စ် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရ

ဂျေရုဆလမ် ဇွန် ၁၃

အစ္စရေးဝန်ကြီးချုပ်ဟောင်း ရှီမွန်ပီရက်စ်သည် သမ္မတရွေးကောက်ပွဲတွင် ၎င်း၏ပြိုင်ဘက်များကို အနိုင်ရပြီး အစ္စရေးနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

ထောက်ခံမဲ

အသက် ၈၃နှစ်ရှိ ရှီမွန်ပီရက်စ်သည် ပါလီမန်တွင် ထောက်ခံမဲ ၈၆ မဲဖြင့် ရွေးချယ်ခံရခြင်း ဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆိုမည်

မစ္စတာပီရက်စ်သည် ကာဒီမာပါတီ၏အာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်ပြီး ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်တိုင် ရွေးချယ်တင်မြှောက်ခံရသူလည်း ဖြစ်သည်။ ၎င်းသည် သမ္မတအဖြစ် ရွေးချယ်ခံရသဖြင့် ဇူလိုင် ၁၅ရက်တွင် သမ္မတရုံး၌ ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

ယခုအခါ မစ္စတာပီရက်စ်သည် ဒုတိယဝန်ကြီးချုပ်တာဝန်ကိုထမ်းဆောင်နေသူဖြစ်သည်။ ၎င်းသည် ၁၉၈၄ခုနှစ်က အစ္စရေးဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသူဖြစ်သည်။

ကမ္ဘာတစ်လွှား အားကစား

ပီတာခရော့ချ် လီဗာပူးကို စွန့်ခွာမည်လား

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် ဇွန် ၁၃

ပရီမီယာလိဂ် ဘောလုံးရာသီ အပြီး အပြောင်းအရွှေ့ဈေးကွက်၌ ငြိမ်သက်နေသော လီဗာပူးအသင်းသည် ဘောလုံးသမားအသစ်များကို ထိုက်တန်သည့် ငွေကြေးသုံးစွဲပြီး ခေါ်ယူမှုမပြုသည့်အပြင် မိမိအသင်းမှ အမာခံဘောလုံးသမားများကို ထိန်းချုပ်နေရပြီ ဖြစ်သည်။

ပြစ်တင်

လက်ရှိလီဗာပူးအသင်း၌ ဘောလုံးသမားသစ်များခေါ်ယူရေးနှင့် ပတ်သက်ပြီး နည်းပြ ဘင်နီတက်ဇ် စိတ်တိုင်းမကျဖြစ်နေရာ ယခုအချိန် အထိ လီဗာပူးအသင်းပိုင်ရှင်များက ထိရောက်သော ငွေကြေးသုံးစွဲမှု မပြု သေးသဖြင့်လည်း အသင်းပိုင်ရှင်များအား ဝေဖန်ပြစ်တင်မှုများ ပြုလုပ်လျက် ရှိသည်။

ပေါက်ကွဲ

လီဗာပူးကလပ် ပိုင်ရှင်များဖြစ်သည့် အမေရိကန်နိုင်ငံသား တွမ်ဟစ်နှင့် ဂျော့ချ်ဂျီးလက်တို့က ဘောလုံးသမား အပြောင်းအရွှေ့ဈေးကွက်၌ ငွေကြေးထုတ်သုံးမှုကို လက်ရှိနေကြသည်။ ပြီးခဲ့သည့် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌ ဖလားလက်မဲ့ ဖြစ်ခဲ့ရသော လီဗာပူးအသင်း၏ စွမ်းဆောင်ရည်အပေါ် ပိုင်ရှင်များ သံသယဖြစ်နေသဖြင့် စွန့်စားပြီး ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ခြင်းလောဟု ထင်မှတ်ကာ နည်းပြဘင်နီတက်ဇ်လည်း ဒေါသပေါက်ကွဲနေပြီ ဖြစ်သည်။

စတင်လှုပ်ရှား

ပရီမီယာလိဂ် ပြိုင်ဘက်အသင်းများဖြစ်သည့် မန်ယူတို့က လောလောဆယ်တွင် ပြောင်းရွှေ့စရိတ် ပေါင်သန်း ၅၀ခန့် ရင်းနှီးပြုလုပ်ခဲ့ပြီ ဖြစ်သည်။ အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ကလည်း အပြောင်းအရွှေ့ဈေးကွက်၌ ကနဦးက နေးကွေးနေခဲ့သော်လည်း ယခုအခါ စတင်လှုပ်ရှားနေကြပြီ ဖြစ်သည်။

ချဉ်းကပ်

ထို့ကြောင့် လီဗာပူးအသင်းအတွက် အဓိကလိုအပ်နေသော အမာခံတိုက်စစ်မှူးတစ်ဦး အမြန်ခေါ်ယူရေးအတွက် ဘင်နီတက်ဇ် တိုက်တွန်းကြိုးစားနေချိန်တွင် အသင်းမှတိုက်စစ်မှူး ပီတာခရော့ချ်အား သဘောကျနေသော ထိပ်တန်းကလပ်များ၏ ချဉ်းကပ်ကြိုးစားနေမှုနှင့် ကြုံတွေ့နေရပြန်သည်။

ဈေးခေါ်

လောလောဆယ်၌ အီတလီကလပ် ဂျူဗင်းတပ်စ်က လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်ကို ခေါ်ယူရန်ကြိုးစားနေခြင်းပင် ဖြစ်သည်။ ဂျူဗင်းတပ်စ် နည်းပြသစ်ဖြစ်လာသော ရာနီယာရီက သူ့အနေဖြင့် လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်ကို ပေါင် ၁၃ သန်း ပေးမည်ဟု ဈေးခေါ်ထားပြီး ဆွေးနွေးမှုများပြုလုပ်နေပြီ ဖြစ်သည်။

လီဗာပူးအသင်းမှ ပြောင်းရွှေ့ဖွယ်ရှိနေသည့် တိုက်စစ်မှူး ပီတာခရော့ချ်။ (ဓာတ်ပုံ-အင်တာနက်)

ခြေစွမ်းပြနိုင်

အရပ် ခြောက်ပေ ခုနစ်လက်မရှိသည့် ပီတာခရော့ချ်သည် အင်္ဂလန် တိုက်စစ်မှူးများ၌သာမက ကမ္ဘာ့ တိုက်စစ်မှူးများတွင်လည်း အရပ်အမြင့်ဆုံး ဘောလုံးသမားတစ်ဦးဖြစ်သည်။ ၁၉၈၁ ခုနှစ် ဇန်နဝါရီ ၁ ရက်၌ အင်္ဂလန်တွင် မွေးဖွားခဲ့သူဖြစ်ပြီး အသက် ၂၆ နှစ်သာရှိသေးသဖြင့် ခြေစွမ်းအပြနိုင်ဆုံး အသက်အရွယ်ပင်ဖြစ်သည်။

အငှားချထား

ပီတာခရော့ချ်သည် ၂၀၀၁-၂၀၀၂ဘောလုံးရာသီတွင် အက်စတွန်ဗီလာအသင်းတွင် ကစားနေရာမှ ပို့စ်မောက်အသင်းသို့ အငှားချထားခဲ့ရာ ထိုနှစ်က ပို့စ်မောက်အသင်းအတွက် စုစုပေါင်း ၁၈ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် ဆောက်သမ်ပတန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ထိုနှစ်က ဆောက်သမ်ပတန်အတွက် ပရီမီယာလိဂ်တွင် ၁၂ ဂိုး၊ အက်ဖ်အေပွဲစဉ်၌ လေးဂိုးသွင်းယူပေးခဲ့သဖြင့် စုစုပေါင်း ၁၆ ဂိုး ပီတာခရော့ချ် သွင်းယူပေးနိုင်ခဲ့သည်။

၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ၌ လီဗာပူးအသင်း နည်းပြဘင်နီတက်ဇ်က ပေါင်ခုနစ်သန်းပေး၍ ခေါ်ယူခဲ့ရာမှ လီဗာပူးသို့ ရောက်ရှိလာခဲ့ပြီး ထိုနှစ်က လီဗာပူးအတွက် ၂၇ပွဲကစားပေးခဲ့ပြီး ခြောက်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့အပြင် လီဗာပူးအတွက် အက်ဖ်အေဖလား ငါးပွဲကစားပေးခဲ့ပြီး သုံးဂိုးသွင်းယူနိုင်ခဲ့သဖြင့် စုစုပေါင်း ကိုးဂိုးသွင်းယူနိုင်ခဲ့သည်။

အားသာ

ပီတာခရော့ချ်သည် တစ်ဖက်အသင်းနောက်တန်း ခံစစ်မှူးများကို ကျော်ကာ ခေါင်းတိုက်သွင်းရာ၌ ထူးချွန်သူဖြစ်ရာ မြင့်မားသောအရပ်ပိုင်ရှင်ဖြစ်သဖြင့် အမြင့်ဘောများကို အသုံးချရာတွင် အားသာမှုရှိလေသည်။

လီဗာပူးအသင်းအတွက် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီမီယာလိဂ်တွင် ကိုးဂိုးသွင်းပေးခဲ့ပြီး ချန်ပီယံလိဂ်ပွဲ ရှစ်ပွဲကစားခဲ့ရာတွင် ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းအကျပ်အတည်းကာလ၌ ရလဒ်ကောင်းအောင် စွမ်းဆောင်ပေးနိုင်သော တိုက်စစ်မှူးဖြစ်ရာ ဘင်နီတက်ဇ်အကြိုက် ဘောလုံးသမားတစ်ဦးလည်း ဖြစ်သည်။

ဈေးကွက်ဝင်

သို့သော် ယခုအခါ ဂျူဗင်းတပ်စ်နှင့် အခြား စပိန်ကလပ်အသင်းများကလည်း ရအောင်ခေါ်ယူရန် ဆွေးနွေးလျက်ရှိရာ ဈေးကွက်ဝင်လာသော ပီတာခရော့ချ်သည် လာမည့် ဘောလုံးရာသီ၌ မည်သည့်အသင်း၌ ကစားမည်ကို စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

- **အဲဗာတန်တိုက်စစ်မှူး အင်ဒရူးဂျွန်ဆင်သည် ခြေမျက်စိ ခွဲစိတ်ခံထားရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။**

- ဝက်စ်ဟမ်းတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်က ၎င်းအနေဖြင့် အင်တာမီလန်အသင်းသို့ ပြောင်းကစားရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

- **ဘာစီလိုနာတိုက်စစ်မှူး အီတူးသည် ရာသီအကုန်တွင် အသင်းမှ ထွက်ခွာလိမ့်မည်ဟု ထင်ကြေးပေးခဲ့မှုများကို ငြင်းဆိုလိုက်ပြီး ဘာစီလိုနာအသင်း၌သာ ဆက်လက်ကစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

(အင်တာနက်)

အွန်နရီ ဘာစီလိုနာနှင့် စာချုပ် ချုပ်သည်ဆိုမှု မမှန်ကန်ကြောင်း ငြင်းဆိုထား

တိုက်စစ်မှူး အွန်နရီ

အာဆင်နယ် တိုက်စစ်မှူး အွန်နရီ။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇွန် ၁၃

အာဆင်နယ်တိုက်စစ်မှူး အွန်နရီအား ဘာစီလိုနာအသင်းက သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်ပြီဆိုသည့် ပြင်သစ်မှလာသော သတင်းများကို အွန်နရီ၏ အေးဂျင့်က ငြင်းဆိုလိုက်သည်။

ဆွေးနွေး

အွန်နရီ၏အေးဂျင့်က လွန်ခဲ့သောသီတင်းပတ်တွင် ဘာစီလိုနာအသင်း ညွှန်ကြားရေးမှူးနှင့်တွေ့ဆုံကာ စာချုပ်ကိစ္စဆွေးနွေးခဲ့ကြောင်း ပြင်သစ်ဘောလုံးမဂ္ဂဇင်း၌ ရေးသားဖော်ပြသည်။

လေးနှစ်စာချုပ်

အွန်နရီသည် ပြီးခဲ့သည့်နှစ်က အာဆင်နယ်အသင်းနှင့် လေးနှစ်စာချုပ်ထားသည်။ သို့ရာတွင် ပြီးခဲ့သည့်သီတင်းပတ်က အာဆင်နယ်မှ ဒေးဗစ်ဒိန်း ထွက်ခွာသွားသည့်ကိစ္စနှင့် စပ်လျဉ်းပြီး ညည်းတွားပြောဆိုခဲ့သည်။

ဥရောပချန်ပီယံ အေစီမီလန်နှင့် ဘာစီလိုနာက ယင်းတို့၏ စိတ်ဝင်စားသော ကစားသမားများကို ငွေကြေးများများသုံးစွဲ၍ ခေါ်ယူမည်ဖြစ်ကြောင်း ကြေညာခဲ့ရာတွင် အွန်နရီလည်း အပါအဝင်ဖြစ်သည်။

အွန်နရီအား ဥရောပထိပ်တန်းကလပ်များကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

ဆာဟာ လာမည့်ရာသီအစ ပါဝင်ကစားနိုင်ဖွယ်မရှိ

လန်ဒန် ဇွန် ၁၃

မန်ယူတိုက်စစ်မှူး ဆာဟာသည် လာမည့် ရာသီအစ ပရီမီယာလိဂ်ပွဲစဉ်များနှင့် လွဲလိမ့်မည်ဖြစ်ကြောင်း ဝေဖန်ပြောဆိုနေမှုများကို ဆာဟာ၏ အေးဂျင့်က ငြင်းပယ်လိုက်သည်။

ဖော်ပြ

အဆိုပါ ပြင်သစ်တိုက်စစ်မှူးသည် ဒူးခွဲစိတ်ခံထားရသဖြင့် လာမည့် ဒီဇင်ဘာလတိုင်အောင် အနားယူဆေးကုသမှုခံယူရလိမ့်မည်ဟု စတယ်လာအဖွဲ့က ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြသည်။

သို့ရာတွင် ၎င်းသည် အမေရိကန်၌ ဒူးခွဲစိတ်မှုမှာ ပြီးဆုံးသွားပြီဖြစ်၍ လာမည့် ပရီမီယာလိဂ်ရာသီအစတွင် ပါဝင်ကစားရန် ကြံ့ခိုင်မှုအပြည့်အဝရှိနေပြီ ဖြစ်ကြောင်း အေးဂျင့်က ပြောကြားသည်။

သွင်းယူ

ဆာဟာသည် ပြီးခဲ့သည့် ရာသီက မန်ယူအတွက် ၁၈ ပွဲ ကစားပေးပြီး ရှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ မန်ယူက ဆာဟာဒဏ်ရာရနေသဖြင့် တိုက်စစ်မှူးများ ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်ခဲ့သည်။

(နောက်ဆုံး ရရှိသောသတင်းများအရ ဆာဟာ၏ ဒဏ်ရာအခြေအနေမှာ လာမည့် နိုဝင်ဘာလအထိ အနားယူရမည်ဟု သိရသည်။) **(အင်တာနက်)**

ဒဏ်ရာ ခွဲစိတ်ခံထားရသော မန်ယူတိုက်စစ်မှူး ဆာဟာ။ (ဓာတ်ပုံ-အင်တာနက်)

ရေးသားသူ မြင့်မောင်စိုး

မန်ယူမှ ပြောင်းရွှေ့ဖွယ်ရှိသည့် အလန်စမစ်။ (ဓာတ်ပုံ-အင်တာနက်)

အလန်စမစ် မန်ယူမှပြောင်းရွှေ့ဖွယ်ရှိ

လန်ဒန် ဇွန် ၁၃

မန်ယူတိုက်စစ်မှူး အလန်စမစ်က နည်းပြဖာဂူဆန်အနေဖြင့် ၎င်း၏ အနာဂတ်နှင့် ပတ်သက်ပြီး အာမခံချက်မပေးနိုင်လျှင် အိုးထရက်ဖို့ဒ်မှ ထွက်ခွာဖွယ်ရှိကြောင်း ဝန်ခံပြောကြားလိုက်သည်။

ပြန်ကစား

အသက် ၂၆နှစ်ရှိ စမစ်သည် ခြေထောက်ဒဏ်ရာရပြီး ပြန်လည်ကစားခဲ့သော်လည်း အသင်း၌ ပုံမှန်ကစားခွင့် မရခဲ့ပေ။

မန်နေဂျာက မိမိအား လိုလိုလားလားရှိကြောင်းပြောဆိုခဲ့လျှင် မန်ယူတွင် ဆက်လက်ကစားမည် ဖြစ်သော်လည်း လိုလားမှုမရှိလျှင် အချိန်မီပြောင်းရွှေ့မည်ဖြစ်ကြောင်း စမစ်ကပြောကြားသည်။

ခေါ်ယူခဲ့

စမစ်အား မန်ယူက လွန်ခဲ့သောသုံးနှစ်က ပေါင်ခုနစ်သန်းဖြင့် လိဂ်ယူနိုက်တက်အသင်းမှ ခေါ်ယူထားခဲ့သည်။

စမစ်အား မစ်ဒယ်ဘရော့၊ စပါး၊ အက်စ်တွန်ဗီလာနှင့် ရိန်းဂျားစ်အသင်းများကခေါ်ယူရန် ဆက်သွယ်မှုများပြုလုပ်ခဲ့ကြောင်းသိရသည်။ **(အင်တာနက်)**

အမည်ပြောင်း

အလက–၂၊ ဒဂုံ၊ ပဥ္စမတန်း(က)တွင် ပညာသင်ကြားနေသော အဖ ဦးသိန်းနိုင်၏သားဖြစ်သူ မောင်သီဟရဲလင်းအား အိမ်ထောင်စုစာရင်းအရ မောင်ယံလင်းပိုင်သူဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ယံလင်းပိုင်သူ။**

နိုင်ငံတကာအသိအမှတ်ပြုကွန်ပျူတာဒီပလိုမာရယူလိုသူများအတွက်အခွင့်ကောင်း **International Diploma in Computer Studies (IDCS)**

Since 1986 **KMD** Computer Centre

:: တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူများအတွက် အခြေခံမှစ၍သင်ကြားပေးမည့်သင်တန်း

:: နိုင်ငံတကာကျောင်းများ သို့ဆက်တက်ရန်အခြေခံ ကောင်းများရရှိနိုင်မည့်သင်တန်း

:: သင့်အတွက် **ICT** နည်းပညာနှင့်ပတ်သက်၍ အကောင်းဆုံးရွေးချယ်မှု

Commencing Date
16 June, 2007 (Sat to Sun)
7:00 to 3:00

၅၅၀–၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း – ၂၄၉၁၅၅၊ ၃၈၀၀၃၅၊ ၃၈၁၁၂၉

(၂၃)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ **ဒေါက်တာမျိုးဝင်း** (သမားတော်ကြီး၊ မော်လမြိုင်ဆေးရုံကြီး)နှင့် ချစ်မေမေ **ဒေါ်မမကြီး** (အထပြ၊ ငြိမ်း)တို့၏ ၉–၆–၂၀၀၇ရက်တွင်ကျရောက်ခဲ့သော မင်္ဂလာရက်မြတ်မှသည် စိန်ရတုသို့တိုင် ချစ်သားများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ချစ်သားကြီး – မျိုးကိုကိုကြီး(ခ)သားသား
B.E.T.C (Degree of Electrical and Electronic Engineering)
University of Southern Queensland Australia

ချစ်သားငယ် – မျိုးကိုကိုဇော်(ခ)ပိုပို
Grade IX အထက(၉)မော်လမြိုင်။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အောင်ဆုပန်ရပ်ကွက်၊ သံသုမာလမ်း၊ ဝေဇယန္တာလမ်းဆုံ၊ ရွှေအင်ကြင်းရိပ်မွန်၊ Type I, တိုက် I၊ အခန်း ၁ ကို ကျွန်ုပ်၏မိတ်ဆွေက ဦးလင်(မ်)အီးဂျုတ် ၁၂/ဗတထ(နိုင်)၀၂၃၀၁၄ထံမှ ဝယ်မည်ဖြစ်ရာ ကန့်ကွက်လိုသူများ ကျွန်ုပ်ထံသို့ ငါးရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် မရှိက ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

လွှဲအပ်ချက်အရ–
ဦးစန်းဝင်း LL.B၊ အကျိုးဆောင်ရှေ့နေ
အမှတ် ၁၂၄၊ အခန်း ၁၀၊ ဆူလေဘုရားလမ်း၊ ရန်ကုန်မြို့။

၁၅-၆-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း - [illegible]	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝင်း၊ နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး
သွင် ဖုန်း - [illegible]	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝင်း၊ နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး
မင်္ဂလာ ဖုန်း - [illegible]	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝင်း၊ နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး
ရွှေဆောင် ဖုန်း - [illegible]	အမေနှင့်သမီးများ	[illegible]
နေပြည်တော် ဖုန်း - [illegible]	SHOOTER	MARK WAHLBERG, MICHAEL PENA DANNY GLOVER, KATE MARA
ဝင်းလိုက်(မန္တလေး) ဖုန်း-(၀၂) [illegible]	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝင်း၊ နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး
မြို့မ(မန္တလေး) ဖုန်း-(၀၂) [illegible]	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝင်း၊ နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး

ပွဲချိန် သတိ (နေ့စဉ်) ၁၀း၀၀ နာရီ ၊ ၁၂း၃၀ နာရီ ၊ ၃း၃၀ နာရီ ၊ ၆း၃၀ နာရီ ၊ ၉း၃၀ နာရီ

အမည်ပြောင်း

ရေဝတီတိုင်း၊ ကျောင်းကုန်းမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(B)မှ အဖ ဦးစိန်သန်း၏သား မောင်သက်မောင်မောင်အား မောင်ဇော်ဝင်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇော်ဝင်းနိုင်။**

မော်နီတာ အပျက်ဝယ်သည်

ကွန်ပျူတာ(မော်နီတာ) အပျက်များကို အိမ်တိုင်ရာရောက် ဝယ်ယူလိုပါသည်။

ဆက်သွယ်ရန်
ဖုန်း–၅၂၆၈၉၈။

အမည်ပြောင်း

အဖ ဦးညိုထွေး၏သား မြိတ်မြို့ အထက(၁) စတုတ္ထတန်း(A)မှ မောင်ဝေယံဖြိုးအား မောင်ရဲစွမ်းထက်ဟု ခေါ်ပါရန်။ **မောင်ရဲစွမ်းထက်။**

အမည်ပြောင်း

ပြည်ခရိုင် ပန်းတောင်းမြို့နယ် ငါးမျက်နှာရွာနေ အဖ ဦးဝင်းဇော်၏သား ဥသျှစ်ပင် အထက တက္ကသိုလ်ဝင်တန်း(ဃ)မှ မောင်လွှမ်းမိုးဇော်အား ရှိန်းဟု ပြောင်းလဲခေါ်ပါရန်။ **ရှိန်း။**

Golden Hope
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ငှားရန် ကားမျိုးစုံ အဆင်သင့်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
295556,703220, 4412519

ဦးအောင်နိုင်
B.Com (Q), CPA, DA (LCCI), DMAc, CAT, ACCA (Part-2)

LCCI Level 1, 2 & 3

– တန်းခွဲသစ်များ June 16, 21, 30 နေ့များတွင်စမည်။
– တန်းခွဲအားလုံးဆရာကိုယ်တိုင် သင်ကြားပါသည်။
သင်တန်းအောင် သေချာ
၂၆၈(ဒုထပ်) ပန်းဆိုးတန်း(ထက်) ☎:721143, :09 515 1024

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ **မဝင်းမာထွန်း** ၁၂/ကမရ(နိုင်)၀၁၄၁၀၁ နှင့် **ဦးဖြိုးဇင်** ၁၂/လမတ(နိုင်)၀၀၁၀၃၆ တို့သည် ၁၁–၆–၂၀၀၇ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

မဝင်းမာထွန်း
ဖုန်း–၀၉–၅၁၀၉၁၄၆၊ ၃၈၄၈၃၀။

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အမက(ကျွန်းချောင်း)ကျောင်းဆောင်ဟောင်း ဖျက်သိမ်းရာမှရရှိသော အမိုးသွပ်များကို အမက(အုတ်ဖိုစု)သို့ ပေးအပ်လှူဒါန်းပွဲကိုမေ ၂၆ ရက်က အမက (ကျွန်းချောင်း)၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က လှူဒါန်းပစ္စည်းစာရင်းနှင့် အုတ်ဖိုစုအမကကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် သုံးသောင်းကို မြို့နယ် ပညာရေးမှူး ဦးအောင်ဝင်းထံ လွှဲပြောင်းပေးအပ်စဉ်။

(က–ပ)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ
ရန်ကုန်တိုင်း အမျိုးသား၊ အမျိုးသမီးအသင်း တံခွန်စိုက်ဆုဆွတ်ခူး

ရန်ကုန် ဇွန် ၁၃

၂၀၀၇ ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ဇွန် ၁၀ ရက် ညပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

လက်ခံ

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲမစတင်မီ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်ရာ သုခကမ္ဘာအထူးကုဆေးခန်းမှ အုပ်ချုပ်မှု ဒါရိုက်တာ ဗိုလ်မှူးသန့်ဇင်(ငြိမ်း)က အလှူငွေကျပ် တစ်သိန်း၊ Nike Sport at one မှ ဒါရိုက်တာ ဒေါ်သီတာမြင့်က အလှူငွေကျပ် နှစ်သိန်း၊ မြကန်သာ မြန်မာထမင်းဆိုင်မှ ဦးအုန်းထွန်းက အလှူငွေကျပ် တစ်သိန်းနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မင်္ဂလာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းက အလှူငွေကျပ် ရှစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ဆုရရှိကြသော ကရာတေးဒိုအားကစားမောင်၊ မယ်များအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက ဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြသည်။

ဆုများပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုဖြင့် အကောင်းဆုံး အားကစားသမားဆုရရှိသော ရန်ကုန်တိုင်းမှ မေသူဇော်မြင့်အားလည်းကောင်း၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ရွှေတံဆိပ်နှစ်ခုဖြင့် အကောင်းဆုံး အားကစားသမားဆုရရှိသော ရန်ကုန်တိုင်းမှ ကျော်ကျော်ထွန်းအားလည်းကောင်း၊ ၂၀၀၇ ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ကရာတေးဒိုပြိုင်ပွဲ၏ အကောင်းဆုံး အားကစားသမားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် အမျိုးသမီးပြိုင်ပွဲ၏ တံခွန်စိုက် ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသော ရန်ကုန်တိုင်း အမျိုးသမီး ကရာတေးဒိုအသင်း**(အပေါ်ပုံ)**နှင့် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် အမျိုးသားပြိုင်ပွဲ၏ တံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသော ရန်ကုန်တိုင်း အမျိုးသား ကရာတေးဒိုအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်သည်။ ယင်းပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းသည် ယခုပြိုင်ပွဲအပါအဝင် (၁၂)ကြိမ် ဆက်တိုက် ဗိုလ်စွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုရရှိကြသော အားကစားမောင်၊ မယ်များအား ဂုဏ်ပြုဆုငွေကျပ်တစ်သောင်းစီကို လည်းကောင်း၊ ဒုတိယငွေတံဆိပ်ဆုရရှိကြသော အားကစားမောင်၊ မယ်များကို ဂုဏ်ပြုဆုငွေကျပ် ခုနစ်ထောင်စီကိုလည်းကောင်း၊ တတိယ ကြေးတံဆိပ်ဆုရရှိကြသော အားကစားမောင်၊ မယ်များအား ဂုဏ်ပြုဆုငွေကျပ်ငါးထောင်စီကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိကြသော အားကစား မောင်၊မယ်နှစ်ဦးအား တစ်ဦးလျှင်ဂုဏ်ပြုဆုငွေကျပ် သုံးသောင်းစီ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၁ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာမာဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးလွင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ဟံသာဝတီရွှေကျောင်း ပရိယတ္တိစာသင်တိုက် အရှင်သုခိန္ဒြိယအား ဂုဏာဝိသိဋ္ဌပူဇာပွဲကျင်းပ

ဟံသာဝတီ ဇွန် ၁၀

(၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ဒီဃနိကာယ ကောဝိဒ (ဒွိပိဋကကောဝိဒ) ခံယူတော်မူခဲ့သော ဟံသာဝတီမြို့ ဥယျာဉ်ကြီးရပ် ရွှေကျောင်း ပရိယတ္တိစာသင်တိုက်မှ အရှင်သုခိန္ဒြိယအား ဂုဏာဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကို ဇွန် ၃ ရက်က အဆိုပါစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ အတွင်းပတ္တမြားကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ ဧရာဝတီတိုင်း သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သာရဏီယ သြဝါဒကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် ဟံသာဝတခရိုင်ဥက္ကဋ္ဌ ဦးကြည်တင်က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် မိုးကောင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသုဓမ္မာစာရက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ကာ **(အပေါ်ဝဲပုံ)** ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

မြိုင်မြို့နယ် လက်ယက်မစံပြရွာ မနောရမ်ကျောင်းတိုက်၌ ယဉ်ကျေးမှု စာအောင်ဆုနှင်းသဘင်ပွဲ ကျင်းပ

မြိုင် ဇွန် ၁

မကွေးတိုင်း မြိုင်မြို့နယ် လက်ယက်မ စံပြရွာ မနောရမ်ကျောင်းတိုက် တတိယအကြိမ် ယဉ်ကျေးမှု စာအောင်ဆုနှင်းသဘင်ပွဲကို မေ ၁၉ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သံဃသမ္မုတိ သံဃာ့ကိုယ်စားလှယ် မြို့နယ် ဝိနည်းဓိုရ် ဆရာတော်ဘဒ္ဒန္တ ဝိဇယ(သာသနဓဇ ဓမ္မာစရိယ)၊ သင်တန်းမှူး ပုဇွန်တောင် မြို့နယ် မြသိန်းတန်ကျောင်းတိုက် စာချ ဂဏဝါစက ဆရာတော် ဘဒ္ဒန္တ စန္ဒိမာ (သာသနဓဇဓမ္မာစရိယ)၊ သင်တန်းနည်းပြ အရှင်နေမိန္ဒ၊ အရှင်ပါကဋ၊ အရှင်တေဇောသာရ၊ ရှင်ဣန္ဒိမန္တနှင့် ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ထို့နောက် ယဉ်ကျေးမှုစာအောင်ဆုနှင်းသဘင်ပွဲတွင် ဥက္ကဋ္ဌဆရာတော်၊ သင်တန်းမှူးဆရာတော်၊ သင်တန်းနည်းပြဆရာတော်များနှင့် ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဝိဇယက သြဝါဒကထာ မိန့်ကြားတော်မူကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပထမဝါဆိုလဆန်း ၁ ရက်
၁၅-၆-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပုသိမ်မြို့မှ Royal Myanmar Food Centre & Souvenir Shop)
၁၁:၃၅ သုတကမ္ဘာ
၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ပါ)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (မပြိုင်ပါနဲ့ မောပါ့မယ်)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) ရွှေမိုးညို (ဇော်မင်းလေး)
(၂) မိုးမခအလွမ်း (ခင်ညွန့်ရီ)
(၃) မိုးမှောင်တုန်း မုန်းပါရစေ (မိုးမင်းဝင်း)
၁၆:၃၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ကျောက်တံခါးမြို့မှ မြန်မာ့ရိုးရာ လက်ရက်ကန်း)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) ယုယကြင်နာဖေးကူပါ (ခေါင်းကြီး)
(၂) အကြင်နာစစ်ရင် (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (အခုတော့သိပြီ)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နေ့ကြီးရက်ကြီးများအကြောင်း- ဒုတိယပိုင်း-မောင်ဆုရှင်)
၁၉:၁၅ နှောင်းခေတ်ကြေးမုံ ဇာတ်လမ်းစုံ **(လူနှစ်ယောက်၊ ကားတစ်စီး၊ မိုးတစ်ည)**
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ကိုယ်သာချစ်စိတ် တိတ်တိတ်ဖြေမယ် (ခင်မောင်လွင်)
(၂) မိန်းကလေးဘဝပါရှင် (ကြည်ကြည်ဝင်း)
(၃) မိုးအလှနဲ့တိမ်ပန်းချီ (မျိုးမြင့်လေး)

တောင်ငူမြို့၌ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

တောင်ငူ ဇွန် ၁

တောင်ငူမြို့ ရဲတပ်ဖွဲ့မှူးရုံး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးရွှေနှင့်ဇနီး ဒေါ်လှလှမြင့်တို့ဦးစီးပြီး အမှတ်(၁)၊ အမှတ်(၂) ကျွန်းကုန်း၊ ကေတုမတီမြို့သစ် စခန်းမှူးများနှင့်ဇနီးများသည် မေ ၂၅ရက်က ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ရှစ်သိန်းသုံးသောင်းငါးရာကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ဇနီးဒေါ်လှလှမြင့်က ကျောင်းသုံးဗလာစာအုပ် ၂၂ဒါဇင်ကိုလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၃၇၂)

နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးကြည်ဝင်း ဦးဆောင်သောဝန်ထမ်းများ မေ ၁၆ရက်က မြို့သာယာလှပမှု ရှိစေရန် မြို့အဝင် နမ္မတူစာလုံး ကျောက်နံရံများကို သန့်ရှင်းရေး ပြုလုပ်၍ ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ နားရှိုး - ငုက္ခလေး လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို မေ၁၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် အမှုဆောင်အရာရှိ ဦးဝင်းမော်တို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြင်းခြံ၌ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်

မြင်းခြံ ဇွန် ၁

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို စဉ်ဆက် မပြတ် ဆောင်ရွက်လျက်ရှိရာ မေ၁၅ရက်က အေးမြသီတာဈေး အတွင်း၊ အပြင် သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့်ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ရာ မြို့နယ် ဥက္ကဋ္ဌ ဦးစန်းအောင်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယ ညွှန်ကြားရေးမှူး ဦးလေးလွင်တို့ ကြီးကြပ်၍ ခရိုင်အတွင်းရေးမှူး ဦးဝင်းရွှေက ကြည့်ရှု အားပေးသည်။ *(အောက်ပုံ)*

(မြို့နယ်စည်ပင်)

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နွယ်နီလမ်းထိပ် ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မေ ၆ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြို့သာယာလှပရေး အမှိုက်များရှင်းလင်း

မော်လမြိုင် ဇွန် ၁၀

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်က ဒိုင်းဝန်ကွင်း လမ်းမကြီး ဘေးဝဲယာရှိ ပင်မရေဆိုးမြောင်းများ ဆယ်ယူခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်းလုပ်ငန်းများအား အင်ဂျင်နီယာမှူး ဦးမျိုးဝင်းက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ် သတင်းများ

ဦးစိုးလှိုင်နှင့် သားကြီး ဦးဌေးလှိုင်တို့အား ရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်း အမှတ် ၆၈ နေ ဒေါ်ကြည်ကြည်လှိုင်နှင့်သမီးများဒေါက်တာ မိမိလှိုင်၊ ဒေါက်တာ နီနီလှိုင်နှင့် သား ဒေါက်တာ ဦးမျိုးလှိုင်၊ ဦးဇော်မြင့်လှိုင် (B.E)၊ ဒေါက်တာ ကြည်ဝင်းလှိုင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိပိဋက စာသင်သံဃာများအား ဆွမ်းပဒေသာပင်ငွေလှူဒါန်း

မော်လမြိုင်ကျွန်း ဇွန် ၁၂

မင်းကွန်းတောင်ရိုး တိပိဋက-နိကာယကျောင်းတိုက်ရှိ တိပိဋက စာသင်သံဃာတော်များအား ထာဝရဆွမ်းပဒေသာပင် အလှူတော်ငွေများနှင့်ဆွမ်းဆန်တော်များကို ရွှေရတု တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ(မော်ကျွန်းဆရာတော်)ထံ ဆက်ကပ်လှူဒါန်းရေစက်ချပွဲ အခမ်းအနားကို ဇွန် ၇ရက်နံနက် ၇နာရီက မော်လမြိုင်ကျွန်းမြို့ ၁၄လမ်းရှိ ရွှေမြန်မာ လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် မော်လမြိုင်ကျွန်းမြို့ အမှတ် (၇)၊ ၁၄လမ်းနေ ဦးသောင်းညွန့်-ဒေါ်တင်ကြည် (ရွှေမြန်မာ လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး)မိသားစု **(ယာပုံ)**က ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၀သိန်းနှင့်

တစ်တင်းခွဲဝင် ဆွမ်းဆန်တော် အိတ် ၅၀၊ အလှူရှင် မော်လမြိုင်ကျွန်းမြို့ အမှတ် (၃၀) မင်းလမ်းနေ ဦးညွန့်ဌေး-ဒေါ်ဝင်းဝင်းမာ[အောင်သီရိ ဆန်စက်နှင့် ဝင်းစိန်(၁)ရေယာဉ်] မိသားစုတို့က ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၀သိန်းတို့ကို လှူဒါန်းကြရာ အကျိုးတော်ဆောင် ဦးဇော်မင်းဦးက လက်ခံယူသည်။

ဟောကြား

ထို့နောက် ရွှေရတု တိပိဋက မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသက ဆွမ်းဆန်တော် ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။ **(ဝ၉၇)**

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်ထောက်ပံ့ကြေးငွေများပေးအပ်ပွဲကို မေ ၃၀ ရက်က မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပရာ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်မြင့်မြင့်ကြည်က ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ကြေးငွေပေးအပ်စဉ်။ (၁၆၈)

လုပ်ငန်းသုံးသပ်ခြင်းနှင့် ညှိနှိုင်းအစည်းအဝေး ဟားခါး၌ကျင်းပ ကျေးလက်ပြည်သူများ အားကိုးထိုက်သော စာကြည့်တိုက်ဖြစ်ရေးဆောင်ရွက်

ဟားခါး ဇွန် ၁၂

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ခုနှစ် ပထမလေးလပတ်ကာလ နှစ်လတာ လုပ်ငန်းသုံးသပ်ခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၉ရက် နံနက်၉နာရီက ဟားခါးမြို့ ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူးရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်၊ မင်းတပ်ခရိုင်ဦးစီးအရာရှိ ဦးလှမြင့်၊ ဖလမ်းခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်နှင့် ဟားခါးနှင့် ထန်တလန်မြို့နယ် ဦးစီးမှူးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၀၇-၂၀၀၈ခုနှစ် ပထမလေးလပတ်ကာလ နှစ်လတာ လုပ်ငန်းဆောင်ရွက်မှု၏ အားနည်းချက်၊ အားသာချက်များ ကျေးရွာ စာကြည့်တိုက် ခိုင်မာအောင် အကောင်အထည်ဖော်ရေး၊ ကျေးရွာသားတိုင်း စာဖတ်အလေ့ အကျင့်ရရှိရေး၊ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်ရေး၊ ကျေးလက်နေ ပြည်သူများ အားကိုးထိုက်သော စာကြည့်တိုက်ဖြစ်မြောက်အောင် ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ခရိုင် ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က နှစ်လတာကာလ လုပ်ငန်းဆောင်ရွက်မှုနှင့်လုပ်ငန်းလျာထားချက်များအတိုင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားကြောင်းသိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

မေ၂၄ရက်က ဟိုပင်မြို့ မြဇေယျာရပ်ကွက် ရေပေးဝေနိုင်ရေး အတွက် ရေစင်မှ ရေပိုက်များ တပ်ဆင်မှုကို ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်ခွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခြံစည်းရိုးကြက်ဆူပင် ဇကေ ၃၀၀၀ကျော် ညောင်တုန်းမြို့နယ်၌ စုပေါင်းစိုက်ပျိုး

ညောင်တုန်း ဇွန် ၁၂

ညောင်တုန်းမြို့နယ် စံပြကြက်ဆူစိုက်ကျေးရွာ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်ကို ညောင်တုန်းမြို့နယ် ကညင်ကောက်ကြီးကျေးရွာအုပ်စု ရိုးကြီးကျေးရွာတွင် မေ ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ခရိုင်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ညောင်တုန်းမြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်းအင်အား ၇၅၀ တက်ရောက်ကြပြီး မြေလွတ်တစ်ဇကေတွင် ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြက်ဆူစိုက်ခင်းသို့ လှည့်လည်အားပေး ကြည့်ရှုကြပြီး ခရိုင်ဥက္ကဋ္ဌ ဦးဌေးဝင်းက ခြံစည်းရိုးကြက်ဆူပင်နှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

စုပေါင်းစိုက်ပျိုး

အလားတူပင် တူးချောင်းကျေးရွာ စံပြကြက်ဆူစိုက်ပျိုးပွဲကို ဇွန် ၁ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်၊ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းနောင်၊ အတွင်းရေးမှူး ဦးကိုကိုမောင်နှင့်မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာသူ ကျေးရွာသားများက ခြံစည်းရိုးကြက်ဆူပင်ကို စုပေါင်း စိုက်ပျိုးပေးကြပြီး မြို့နယ်ဥက္ကဋ္ဌဦးညွန့်တင်က ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးမှုနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ယခုနှစ် ညောင်တုန်းမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ဇကေ ၃၀၀၀ ကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝင်းသူဇာအရောင်းဆိုင် ပျော်ဘွယ်မြို့၌ဖွင့်

ပျော်ဘွယ် ဇွန် ၃

ပျော်ဘွယ်မြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဝင်းသူဇာ အရောင်းဆိုင်ဖွင့်ပွဲကို မေ၁၂ရက် နံနက် ၇နာရီခွဲက လမ်းမတော်နာရီစင်အနီး ဆိုင်သစ်မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားသို့နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ ရမည်းသင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်၊ ပျော်ဘွယ်မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဌေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ အထွေထွေမန်နေဂျာ (ရောင်းဝယ်ရေး)ဦးသန့်စင်၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအမှုဆောင်နှင့်အသင်းဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက် ပြည်သူများ၊ ရှမ်းအိုးစည် အဖွဲ့နှင့် ကဗျာလွတ် အကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက်ခရိုင်ဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ (ရောင်းဝယ်ရေး) တို့က အရောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ရှင်းလင်း

ထို့နောက် တာဝန်ရှိသူများက ဧည့်သည်များအား ဆိုင်အတွင်း လှည့်လည်ရှင်းလင်း ပြသကြသည်။ **(၂၅၀)**

ပြန်/ဆက်လုပ်ငန်းများ ရှင်သန်ထက်မြက်သွက်လက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျောက်ဆည်၌ကျင်းပ

ကျောက်ဆည် ဇွန် ၅

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေသည် မေ၈ရက်က စဉ့်ကိုင်မြို့နယ်ရုံး၊ မေ၁၀ ရက်က မြစ်သားမြို့နယ်ရုံး၊ မေ၁၅ရက်က တံတားဦးမြို့နယ်ရုံးများသို့ သွားရောက်ပြီး မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနလုပ်ငန်းများ ရှင်သန်ထက်မြက်သွက်လက်ရေးနှင့် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အခိုင်အမာ တည်ဆောက်ရေး လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးကြသည်။

ခရိုင်ဦးစီးအရာရှိသည် မြစ်သားမြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖြစ်သည့် ကသဲကုန်းကျေးရွာ ကံ့ကော်သုတစာကြည့်တိုက်၊ ရွာမုန်းကြီးကျေးရွာ ပန်းလောင်စာကြည့်တိုက်များသို့ ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံကာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အခိုင်အမာ တည်ဆောက်နိုင်ရေးအတွက် အဆောက်အအုံများ ဆောက်လုပ်ရေး လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

အခြေခံအပ်ချုပ်သင်တန်းဆင်းပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး ဇွန် ၇

ရှမ်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံအပ်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၉ ရက် ညနေ ၃နာရီက တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ပရဟိတအမျိုးသမီးရိပ်သာ ဓမ္မာရုံတွင် ကျင်းပသည်။ (အပေါ်ပုံ)

ဆုများချီးမြှင့်

အခမ်းအနားတွင် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က သင်တန်းပို့ချပေးသော ဆရာမများအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ စီးပွားရေးဆိုင်ရာ စောင့်ရှောက်ရေး အဖွဲ့ဝင်ဒေါ်ကြည်ကြည်မြင့်က သင်တန်း ဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသူများကို အမျိုးသမီးများ အား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒေါ်ခင်စန်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည် နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲတာဝန်ခံ ဒေါ်ကြူကြူဝေနှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

ဖွင့်လှစ်

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၄၀တက်ရောက်ကြပြီး သင်တန်းကာလ မှာ မေ ၂၃ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(အမျိုးသမီးရေးရာ)

မီးသတ်သရုပ်ပြသ အလှူငွေပေးအပ်

မြစ်ကြီးနား ဇွန် ၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် (၆၁) နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ရဲမှူးကြီးစန်းလွင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများတက်ရောက်ကြပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏မီးသတ်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကာ အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မီးသတ်ဦးစီး)**

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း တိုက် (၃၅၂/၃၆၆) အခန်း ၁၃ နေ မိခင် ဒေါ်စိန်ရီနှင့် သမီး ဒေါ်စန္ဒာဟန်၊ ဒေါ်ရွှေဝါစိန်တို့က ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် ကြေးပြားသုံးချပ်အတွက် အလှူငွေကျပ် ၇၅၀၀၀ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ငွေသားနှင့်အာဟာရ ထောက်ပံ့ပေးအပ်

ဟိုပန် ဇွန် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ တပ်ခွဲမှူး ဒေါ်နန်းခမ်းပန်နှင့် အဖွဲ့သည် မေ ၈ ရက်က မြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသနေသည့် မိန်းပန်းလွယ်ရပ်ကွက်နေ မအေးပန် အသက် (၄)နှစ်အတွက် ငွေသားနှင့်အာဟာရထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဆင်းပွဲကျင်းပ စာအုပ်မျိုးစုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ကလေး ဇွန် ၂

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၄/၂၀၀၇) ဆင်းပွဲ အခမ်းအနားကို မေ ၁၉ ရက် ညနေ ၃ နာရီက ကလေးမြို့နယ် သာစည်စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလတ်က အမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ပထမဆုရ မောင်ကျော်မင်းထွန်း (ကံပုလဲကျေးရွာ)အားလည်းကောင်း၊ ဒုတိယဆုရ မောင်အောင်မြင့်ထွန်း(သာစည်စံပြကျေးရွာ)နှင့် တတိယဆုရ မောင်ထွန်းထွန်းအောင်(သာစည်စံပြကျေးရွာ)အား ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင်ကလည်းကောင်း၊ အထူးဆုရ မောင်ထန်လှယ်မန်း(စီးစံကျေးရွာ)နှင့် မောင်စိုးနေလင်း(သာစည် စံပြကျေးရွာ)တို့အား မြို့နယ် အသင်းအတွင်းရေးမှူး ဦးယုတင့်ဝင်းက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး သာစည်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းဆန်းက ငွေကျပ် ၅၀၀၀တန်ဖိုးရှိ စာအုပ်မျိုးစုံ၊ စမ်းချောင်းဆရာတော် ဦးနန္ဒိယက ငွေကျပ် ၂၀၀၀၀၊ လူမှုရေး အသင်းအဖွဲ့များဖြစ်သည့် ကျေးရွာ လူမှုရေးအသင်းအဖွဲ့များက ငွေကျပ် ၃၀၀၀၀စီ၊ သာစည်ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၀၀၀၀၊ အမှတ်စဉ် (၄/၂၀၀၇) စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းသား၊ သင်တန်းသူများက ငွေကျပ် ၃၀၀၀၀၊ ကလေးမြို့ လင်းလက်ရောင်စဉ် လျှပ်စစ်ဆိုင်မှ ဒေါ်မြင့်က ငွေကျပ် ၃၀၀၀၀၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်မိုးက ငွေကျပ် ၁၀၀၀၀၊ ကျောင်းအုပ်ဆရာကြီး ဦးသောင်းစောက ငွေကျပ် ၁၀၀၀၀၊ ဒေါ်ဝင်းမူ မိသားစုက ငွေကျပ် ၆၀၀၀ နှင့် ရပ်မိရပ်ဖနှင့် အခြားအလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ် ၂၀၀၀၀၀၊ စုစုပေါင်း လှူဒါန်းငွေကျပ် ၄၀၆၀၀၀ ကို စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင် ဦးခင်မောင်တင့်က လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

ရေစုကန်တည်ဆောက်

ဇွန် ၄ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မတစ်နိုင် ရေပေးရေးအတွက် ဂါလန် ၁၀၀၀၀ ဆံ့ ဗထူးရေစုကန် တည်ဆောက်နေမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးညွန့်လှိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

SHINE AC.DC
လျှပ်စစ်သင်တန်း
(စာတွေ့လက်တွေ့)နေ့/ည
ဖုန်း ၀၁-၅၃၃၃၈၂ ၀၉၅၁၀ ၅၅၅၅၁

ကားစီးလုံးငှားသည်
မြို့တွင်း/ ပြင်၊ လချုပ်ကားများငှားရန်ရှိသည်
CRANE
708569,538535

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၁ယ/၄၃၉ Honda Dream C.100 MN ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၈/မကန(နိုင်)၀၁၀၂၁၅ က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)။**

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ထ/၂၁၇ Toyota Dyna RU-20 ယာဉ်လက်ဝယ်ရှိသူဦးကိုကြီး ၈/ခမန(နိုင်)၀၉၅၃၅၆က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။
ကညန၊ တိုင်းရုံး(မကွေး)။

SH**MYINT THU HTET**YU
ရာထူးဝင်ခွင့်များ
တန်းခွဲသစ်ဖွင့်မည် အရာရှိဖြစ်ကုန်ကြပြီ။
မြန်မာစာ၊အင်္ဂလိပ်၊ဗဟုသုတ(ဥပဒေ)၊(သင်္ချာ)
စားရေး၊နေရေး၊သွားလာရေးစီစဉ်ပေးသည်။
အမှတ်(၁၄)၊ဖိလွှာ၊လှည်းတန်းဈေးအနီး၊လှည်းတန်း၊ရန်ကုန်မြို့။ ဖုန်း ၅၁၀၆၃၈

ဖခင်အမည်မှန်
မကွေးမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း(F)မှ မောင်လှိုင်မင်းကို၏ ဖခင်အမည်မှန်မှာ ဦးခင်သောင်း ဖြစ်ပါကြောင်း။ **ဦးခင်သောင်း YNG- ၀၃၁၂၆၃။**

7Th Corner * ခေါင်းလျှော်ပြီးလျှင် စက်ဆွဲရန်မလိုပါ။ (၂) နှစ်အာမခံ
* နဂိုဆံပင်ထက် (၂) ဆ ပြောင်လက်ပျော့ပျောင်းစေရမည်။
* 35000/- Discount 15000/-
အထူးဆံပင်ဖြောင့်ဆိုင်
(i) အနော်ရထာလမ်းမပေါ် (17) လမ်းထိပ်၊ လသာမြို့နယ်။
(ii) ပြည်လမ်းမပေါ်၊ မြေနီကုန်းဓါးပွိုင့်၊ ရတနာပုံရှော့ပင်းမှုပထပ်။
(iii) ကမ်းနားလမ်းမပေါ်၊ (8) လမ်းထိပ်၊ လမ်းမတော်မြို့နယ်။

သွားချင်တဲ့ ခရီး ကိုသွား
ငှားချင်တဲ့ ကား ကိုငှား
TOP 243363 705877
ကို ၂၄နာရီဖုန်းဆက်လိုက်ပါလား။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။
van, saloon ကားများငှားရန်ရှိသည်။

ကားရောင်းမည်
TOWN ACE ဘ/85
MODEL DIESEL ခေါင်မြင့်
SUN/MOON ROOF မမို့မို့
ဖုန်း-၂၁၀၁၆၈၊ ၀၉-၅၁-၁၉၃၉၁။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
မမ-၆ မြို့မရပ် ဗန်းမော်မြို့ ကချင်ပြည်နယ်နေ ကျွန်တော်၊ကျွန်မတို့၏သားဖြစ်သူ မောင်ဝင်းမောင် ၁/ဗမန(နိုင်) ၀၅၁၃၇၉သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်းနှင့် မည်သို့မျှ မပတ်သက်၊ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)။
ဖခင်-ဦးသိန်းဝင်း(ခ)ယုရှင် ၁/ဗမန(နိုင်)၀၀၂၂၈၆
မိခင်-ဒေါ်ပေါင်းကြူ ၁/ဗမန(ဧည့်)၀၀၀၀၈၀။

ဖခင်အမည်မှန်
မကွေးတိုင်း နတ်မောက် အထက တက္ကသိုလ်ဝင်တန်း(H)မှ မဇင်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းအေး ဖြစ်ပါကြောင်း။ **ဦးသိန်းအေး ၈/မလန(နိုင်) ၀၃၆၆၅၃။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ရင်သွေးငယ်ကလေးများ ပိုလီယိုရောဂါကာကွယ်ခွင့်ရရှိချိန် မိဘများမပျက်မကွက် စွမ်းဆောင်ပေး

ပိုလီယိုကင်းစင်မှုထိန်းသိမ်းရေး ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းများ ဝိုင်းဝန်းကူညီ

အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း ကောက်သင်းကောက်ကာကွယ်ဆေးတိုက်ကျွေးသွားမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မောင်တောမြို့နယ် ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါး စပေါင်းထွန်ယက်ပွဲနှင့် တိုက်ရိုက်အစေ့ချ စိုက်ပျိုးပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁၀ ရက် နံနက် ၇နာရီတွင် မောင်တောမြို့နယ်ရှိ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် နေမျိုးခန်းမ၌ ဌာနချုပ်မှ ကွပ်ကဲရေးအရာထမ်း၊ အမှုထမ်း၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးရေချိန်စံချိန်သစ်တင်

နေပြည်တော် ဇွန် ၁၃

ယနေ့နံနက် ၉နာရီခွဲတွင် ပင်လောင်းမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၀၇ မီလီမီတာ ၄ ဒသမ ၆၀ လက်မသည် ယင်းမြို့၏နှစ်ပေါင်း ၄၁နှစ်အတွင်း ဇွန်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၀၁ မီလီမီတာ ၃ ဒသမ ၉၈ လက်မဖြစ်ပြီး ၁၉၉၄ ခုနှစ် ဇွန် ၆ ရက်တွင် ရွာသွန်းခဲ့ကြောင်း သက်ဆိုင်ရာမှ သိရသည်။ **(သတင်းစဉ်)**

NLD ပါတီ၏ လုပ်ဆောင်ချက်များသည် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်မှုမရှိ တိုင်းပြည်တိုးတက်မှုကို နှောင့်ယှက်လျက်ရှိ အိမ်မဲမြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် ဇွန် ၁၃

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်သော ဦးလှရီနှင့် ဦးထွန်းမြိုင်တို့သည် ဇွန် ၇ ရက်က ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ဆောင်ချက်များသည် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်မှုမရှိဘဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာ အနှောင့်အယှက်ပြုလျက်ရှိကြောင်း၊ NLD ပါတီဝင်အဖြစ် ရပ်တည်နေရသည်မှာ လူထုနှင့်ကင်းကွာပြီး လူထု၏ပြစ်တင်ရှုတ်ချမှုကိုသာ ခံနေရသဖြင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်း (မြန်မာလိဂ်)ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ သုဝဏ္ဏနှင့် အောင်ဆန်းကွင်းတို့၌ ဇွန် ၁၆ ရက်မှ စတင်ကျင်းပမည်

သတင်းဆောင်းပါး

ကိုထွေး

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်)ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၁၆ ရက်မှစတင်၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။

မဲနှိုက်ရေးဆွဲ

၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲနှင့် ပထမတန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် မဲနှိုက်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(အိုလံပစ်ဟိုတယ်-၂)၌ ကျင်းပသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ■

14-6 (20) 1 6/13/07, 2:22 PM